မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

# တိုင်းပြည်၏မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကကျ

## စီးပွားရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျန်ရှိသည့်လုပ်ငန်းရပ်များကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် မေ ၂၇

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ် စ ရာ**

**ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်**

ပြည်တွင်းသတင်း စာ ၁၃

**ထူးသည့်ဂုဏ်အင်ပိုင်ရှင်များဖြစ်လာစေဖို့ ကျောင်းအပ်ကြပါစို့**

ဆောင်းပါး စာ ၁၆

# MSME များ ဖွံ့ဖြိုးတိုးတက်ရေး အားနည်းချက်များ ကိုယ်တိုင်ပြုပြင်

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ၄၀၀၀၀ ကျော်ရှိသည်။ အခြားကမ္ဘာ့နိုင်ငံများနည်းတူပင် မိမိတို့နိုင်ငံတွင်လည်း MSME များက အဓိကစီးပွားရေး မောင်းနှင်အားဖြစ်ရာ ပြည်တွင်း MSME များကို အားပေးမြှင့်တင်ခြင်းအားဖြင့် နိုင်ငံစီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒကို ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့ရာ ကဏ္ဍအသီးသီးရှိ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးဆောင်သွားနိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများ ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါနည်းဥပဒေအရ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ ချေးငွေရရှိရေး၊ နည်းပညာရရှိရေး၊ မှတ်ပုံတင်ရေး စသည့်တို့အတွက် နည်းလမ်းများ ပါရှိကြောင်း တွေ့ရသည်။

မြန်မာ MSME များနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် အားနည်းချက်များတွင် ကုမ္ပဏီဖွဲ့စည်းပုံအရ ပုဂ္ဂလိကကုမ္ပဏီများဖြစ်ခြင်း၊ လုပ်ငန်းဆိုင်ရာ စီမံကိန်း၊ စီမံချက်များ ရေးဆွဲနိုင်ခြင်းမရှိ၊ ရောင်းဝယ်ရှုံးမြတ်၊ ဘဏ်စာရင်းဇယားများ ပြသနိုင်ခြင်းမရှိ၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနိုင်ခြင်းမရှိခြင်း စသည်တို့ကို ပညာရှင်များက ထောက်ပြလေ့ရှိကြသည်။ သို့ဖြစ်ရာ ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ရာတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အားနည်းချက်များကို ပြုပြင်ကာ အားကုန်သုံး၍ ရုန်းနိုင်ရန်လည်း လိုမည်ဖြစ်သည်။

"အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၌ အားသာချက်များရှိသကဲ့သို့ ၎င်းတို့ဖြစ်တည်ရှင်သန်ရေးအတွက်လည်း လိုအပ်ချက်နှင့် အားနည်းချက်များစွာရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်အခြေအနေကောင်းများ လိုအပ်ခြင်း၊ ခေတ်မီလုံလောက်သည့် အခြေခံအဆောက်အဦများ လိုအပ်ခြင်း၊ စွန့်ဦးတီထွင်လိုသူများ မဝံ့မရဲဖြစ်ခြင်း၊ ငွေကြေးအရင်းအမြစ် စရိတ်ကြီးမြင့်ခြင်းနှင့် မလုံလောက်ခြင်း၊ ရိုးရာနည်း (Traditional Technology) များကိုသာ အသုံးပြုနေရခြင်း၊ သုတေသနဖွံ့ဖြိုးမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အထောက်အပံ့ရရှိမှု အားနည်းနေခြင်း၊ သုတေသနပြုပြီးနောက် ရရှိသည့်ရလဒ်များကိုလည်း ရောင်းတန်းဝင် အဆင့်မြှင့်တင်နိုင်မှုမရှိသေးခြင်း အစရှိသည့် ကန့်သတ်ချက်များ၊ အဟန့်အတားများ ရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။" မေ ၂၇ ရက်တွင် ကျင်းပသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့ရာ အဆိုပါကန့်သတ်ချက်များ၊ အဟန့်အတားများတွင် နိုင်ငံတော်အဆင့်က ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များကလည်း အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးသည် ရေရှည်တစိုက်မတ်မတ် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး မဖြစ်မနေ သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် အကန့်အသတ်၊ အဟန့်အတားများကို ဖြေရှင်းကျော်လွှားကြရပါမည့်အကြောင်း။ ။





# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းမိသားစုများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၇**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း တက်ရောက်၍ ပညာသင် ထောက်ပံ့ကြေးများကို သက်ဆိုင်ရာအဖွဲ့များသို့ ပေးအပ်သည်။

အစီအစဉ်အရ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များက **"ဓာတ်မာန်"** သီချင်းဖြင့် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများက **"မြန်မာ့ကျောင်း"** သီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

**ထောက်ပံ့ကြေးများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် တပ်ဖွဲ့/ဦးစီးဌာနအလိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူ ၂၉၃၂ ဦးအတွက် ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ရာ တပ်ဖွဲ့/ ဦးစီးဌာနအလိုက် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တပ်ဖွဲ့/ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များက **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** တေးသီချင်းဖြင့် ဖျော်ဖြေခဲ့ကြသည်။

**ပထမအကြိမ် ပေးအပ်**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများ၏ မိသားစုဝင် သား သမီးများဖြစ်ကြသော မူလတန်း ကျောင်းသား ကျောင်းသူ ၁၅၁၉ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၆၃၈ ဦး၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၄၄၇ ဦး၊ တက္ကသိုလ် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၃၂၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၉၃၂ ဦးတို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ငွေကျပ်ခြောက်ရာ သုံးဆယ့်တစ်သိန်းနှစ်သောင်း (၆၃၁၂၀၀၀၀/-) ကို ပညာသင် ထောက်ပံ့ကြေး ပထမအကြိမ်အဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**စစ်ကိုင်း မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (စစ်ကိုင်း) ၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၂၇ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ဒေါက်တာမို့မို့ရီက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရာ၌ ပညာရေးသည် အခြေခံအဓိကကျသည့်အတွက် အသိပညာနှင့် အတတ်ပညာများကို အချိန်နှင့်တစ်ပြေးညီ လေ့လာဆည်းပူးနေရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်အနေဖြင့် စီးပွားရေးနှင့် ICT ပညာရပ်အပြင် လူမှုရေးစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်တတ်သော သဘောတရားများ၊ အလိုအပ်ဆုံးသော အခြေခံကောင်းများကို သင်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ယှဉ်ပြိုင်နိုင်သော စွန့်ဦးတီထွင် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ အမိတက္ကသိုလ်နှင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိရှိသေကာ နိုင်ငံတော်က အားထားရသော တာဝန်ယူတတ်သည့် လူငယ်စွမ်းဆောင်ရှင်များ ဖြစ်ကြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) အနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မဟာဘွဲ့ ၁၁ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ ၈၂ ဦး၊ ဘွဲ့လွန်ဒီပလိုမာ တစ်ဦး၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မဟာဘွဲ့ ရှစ်ဦးနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် စီးပွားရေးသိပ္ပံဘွဲ့ ၇၅ ဦး၊ Dip HRM ဒီပလိုမာတန်း ၂၇ဦး စုစုပေါင်း ၂၀၄ ဦးအနက် တက်ရောက်ဘွဲ့ယူသူ ၁၅၄ ဦးနှင့် အဝေးရောက် ဘွဲ့ယူသူ ၅၃ ဦးတို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၇ - နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

- **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း၌ ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်လာမည်ဖြစ်သည်ကို တွေ့ရှိရ**
- **MSME ကို အားပေးရခြင်း၏ အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု၊ တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်တိုးမြှင့်နိုင်ရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သေချာသည့်ကုန်ကြမ်းများကို အသုံးပြုသည့် MSME လုပ်ငန်းများကို အဓိကအားပေးဆောင်ရွက်ရန်လိုအပ်**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း၌ ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်လာမည်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရခြင်းမှာ မိမိတို့နိုင်ငံ၏ အများစုသော စီးပွားရေးလုပ်ငန်းများမှာ MSME အဆင့်တွင် ရှိနေကြကြောင်း၊ နိုင်ငံခြားလိုငွေပြခြင်း၏ စိန်ခေါ်မှုမှာ သွင်းကုန်ပမာဏများပြားခြင်းကြောင့်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ၌ အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များဖြစ်ကြပါကြောင်း၊ ကုန်ကြမ်းရှိမှ ကုန်ထုတ်လုပ်မှု တစ်နည်းအားဖြင့် ရောင်းကုန်ပစ္စည်း ထုတ်လုပ်မှုဖြစ်လာမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းထုတ်လုပ်မှုများကို အရည်အသွေးရှိသည့် ကုန်ပစ္စည်းများဖြစ်အောင် ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်တွင်းပြည်ပကုန်စည် ရောင်းချမှုများတွင် များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကို အဓိကဆောင်ရွက်နေသူများမှာလည်း MSME လုပ်ငန်းများသာဖြစ်ကြပါကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး ဒုတိယအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသူများဖြစ်ကြပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများသည် MSME လုပ်ငန်းများအတွက်သေချာသည့် ကုန်ကြမ်းများဖြစ်လာစေမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားငွေလိုအပ်မှုသည် သွင်းကုန်ပမာဏများပြားနေခြင်းလည်း ပါဝင်ကြောင်း၊ သွင်းကုန်ပမာဏများပြားခြင်းသည် လိုအပ်ချက်အရ သွင်းရသည်များရှိသကဲ့သို့ ပြည်တွင်း၌ထုတ်လုပ်နိုင်သော်လည်း တင်သွင်းနေရမှုများမှာ မဖြစ်သင့်ပါကြောင်း၊ အထူးသဖြင့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ အလားတူ ပြည်ပသို့တင်ပို့နိုင်သည့် ရောင်းတန်းဝင်ပစ္စည်းများ ရှိသော်လည်း ကုန်ထုတ်လုပ်မှုအားနည်းချက်ကြောင့် ပို့ကုန်ပမာဏနည်းပါးမှုများသည်လည်း မဖြစ်သင့်ပါကြောင်း၊ MSME ကို အားပေးရခြင်း၏ အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု၊ တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်တိုးမြှင့်နိုင်ရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သေချာသည့်ကုန်ကြမ်းများကို အသုံးပြုသည့် MSME လုပ်ငန်းများကို အဓိက အားပေးဆောင်ရွက်ရန်လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီထုတ်လုပ်မှု၊ ဆန်နှင့်ဆန်ကွဲကိုအခြေခံသည့် ထုတ်လုပ်မှု၊ ပီလောပီနံကိုအခြေခံသည့် ထုတ်လုပ်မှု၊ ရော်ဘာကိုအခြေခံသည့် ထုတ်လုပ်မှု၊ ဝါကိုအခြေခံသည့်ထုတ်လုပ်မှု၊ ကော်ဖီနှင့်လက်ဖက်ကိုအခြေခံသည့် ထုတ်လုပ်မှု၊ သစ်၊ ကြိမ်၊ ဝါးများကို အခြေခံသည့်ထုတ်လုပ်မှု၊ မွေးမြူရေး အသား၊ ငါးကိုအခြေခံသည့် ထုတ်လုပ်မှုနှင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုလုပ်ငန်းများသည် မိမိတို့နိုင်ငံအတွက် သေချာသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အလားတူ များစွာသော ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များရှိသကဲ့သို့ ဒေသအလိုက်ထူးခြားသည့် လုပ်ငန်းများလည်း ရှိနေမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်စေခြင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး တိုင်းပြည်၏ ဝင်ငွေတိုးတက်လာစေခြင်းများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

### လျှပ်စစ်ဓာတ်အားရရှိရေး ရဲရဲဝံ့ဝံ့ဆောင်ရွက်သွားနိုင်ရန်လိုအပ်

ပို့ကုန်များများရမှသာ သွင်းကုန်များဖြစ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိသွားရောက်ခဲ့သည့်ဒေသများမှ လျှပ်စစ်လိုအပ်ချက်များကို တင်ပြခြင်းများရှိပါကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ အစိုးရအဆက်ဆက်၌ စီမံကိန်းများရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများ ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းများကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ နှောင့်နှေးမှုများ များစွာကြုံတွေ့ခဲ့ရပါကြောင်း၊ ထို့ကြောင့် ကာလတို၊ ကာလရှည်၊ ကာလလတ်စီမံချက် သုံးမျိုးဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ရဲရဲဝံ့ဝံ့ဆောင်ရွက်သွားနိုင်ရန်လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

စားကုန်၊ သောက်ကုန်၊ လူသုံးကုန် ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ပါက တိုင်းပြည်အတွက် အကျိုးများစွာရရှိမည်ဖြစ်ပြီး နိုင်ငံခြားသုံးငွေကိုလည်း လျှော့ကျစေမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ သုံးစွဲနေသည့် အိမ်နီးချင်းနိုင်ငံအချို့မှ လူသုံးကုန်ပစ္စည်းအချို့၏ MSME ထုတ်ကုန်များမှာ နည်းပညာမြင့်မားလှခြင်းမရှိဘဲ မိမိတို့ပြည်တွင်း၌ ထုတ်လုပ်၍ရနိုင်သည့် ကုန်ပစ္စည်းများဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း။

MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများချိတ်ဆက်နိုင်ရေး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် ထုတ်လုပ်မှုပိုင်း၊ စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုပိုင်းများကို ဖိတ်ခေါ်ခြင်း၊ အဝတ်အထည်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများကို ဖိတ်ခေါ်နိုင်ပါက နည်းပညာများရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ CMP အထည်ချုပ်လုပ်ငန်းများသည် လုပ်သားများအခြေပြုလုပ်ငန်းများဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေမည်ဖြစ်ပါ ကြောင်း၊ ကုန်ထုတ်လုပ်မှုပိုင်းတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် ကုန်ကြမ်း၊ အစိတ်အပိုင်းအချို့ကို သေး၊ ငယ်၊ လတ်လုပ်ငန်းများမှ ချိတ်ဆက်ပေးသွင်းနိုင်မည်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

### တိုင်းရင်းသားလုပ်ငန်းရှင်များ ဖိတ်ခေါ်၍ လုပ်ကိုင်နိုင်ရန် ဖန်တီးပေးရမည်

မိမိအနေဖြင့်ဒေသများသို့ သွားရောက်ဆွေးနွေးစဉ် မြေနေရာရရှိရေးနှင့်ပတ်သက်ပြီး တင်ပြချက်များကို တွေ့ရှိခဲ့ရကြောင်း၊ မြေနေရာအတွက် ဒေသတွင်းဝမ်းစာဖူလုံရေးအတွက် လယ်ယာမြေကို အခြားနည်းနှင့်အသုံးမပြုရန် ညွှန်ကြားထားပြီး ကျန်သည့်နေရာများတွင် သက်ဆိုင်ရာဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များက တင်ပြဆောင်ရွက်မည်ဆိုပါက ခွင့်မပြုပေးနိုင်စရာအကြောင်း မရှိပါကြောင်း၊ မွေးမြူရေးဇုန်များ၊ စက်မှုဇုန်များကိုဖော်ထုတ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များက ဖိတ်ခေါ်၍ လုပ်ကိုင်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။

### နိုင်ငံ့ဘဏ္ဍာငွေများ အကျိုးရှိစွာအသုံးချနိုင်ရေး စနစ်တကျလုပ်ဆောင်

ငွေကြေးအရင်းအနှီးနှင့်ပတ်သက်၍ MSME ချေးငွေများကို စီမံ/ဘဏ္ဍာလုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ချေးနိုင်ရန်၊ ချေးငွေချေးယူမှု ထပ်နေခြင်းမဖြစ်စေရန်၊ ပြန်ဆပ်သည့် သတ်မှတ်ကာလတွင် ပြန်လည်ပေးသွင်းနိုင်ရန်၊ နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမဖြစ်စေရန်နှင့် အကျိုးရှိစွာအသုံးချနိုင်ရေး စနစ်တကျလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ တစ်ဖက်မှလည်းသင့်တော်သည့် ချေးငွေမူဝါဒများကိုလည်း စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမတည်နိုင်ရေးအတွက် ရန်ပုံငွေမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကျပ် ၄၀၀ ဘီလီယံကို တိုင်းဒေသကြီး၊ ပြည်နယ်များကို ခွဲဝေချထားပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ MSME စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အရှိန်ပြင်းပြင်းနှင့် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၌ အားသာချက်များရှိသကဲ့သို့ ၎င်းတို့ဖြစ်တည်ရှင်သန်ရေးအတွက်လည်း လိုအပ်ချက်နှင့် အားနည်းချက်များစွာရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်အခြေအနေကောင်းများ လိုအပ်ခြင်း၊ ခေတ်မီလုံလောက်သည့် အခြေခံအဆောက်အဦများ လိုအပ်ခြင်း၊ စွန့်ဦးတီထွင်လိုသူများ မဝံ့မရဲဖြစ်ခြင်း၊ ငွေကြေးအရင်းအနှီးစရိတ် ကြီးမြင့်ခြင်းနှင့် မလုံလောက်ခြင်း၊ ရိုးရာနည်း (Traditional Technology) များကိုသာ အသုံးပြုနေရခြင်း၊ သုတေသနဖွံ့ဖြိုးမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အထောက်အပံ့ရရှိမှုအားနည်းနေခြင်း၊ သုတေသနပြုပြီးနောက် ရရှိသည့်ရလဒ်များကိုလည်း ရောင်းတန်းဝင်အဆင့်မြှင့်တင်နိုင်မှုမရှိသေးခြင်း အစရှိသည့်ကန့်သတ်ချက်များ၊ အဟန့်အတားများရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

### စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထား ဆောင်ရွက်ရမည့်အချက် (၄) ချက်ဖြစ်သည့် လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့်အခက်အခဲအတားအဆီးများ လျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ဖြန့်ဝေမှု အားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှု ကွင်းဆက် (International Supply Chain)ထဲသို့ဝင်ရောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းမှု (Digital Transformation) အပိုင်းသည်လည်း များစွာအရေးပါပြီး မိမိတို့နိုင်ငံ၏အနေအထားအရ ASEAN နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် မြန်ဆန်မှန်ကန်သည့် နည်းလမ်းနှင့်

*စာမျက်နှာ ၄ သို့*

- **လျှပ်စစ်နှင့်ပတ်သက်၍ အစိုးရအဆက်ဆက်၌ စီမံကိန်းများရှိပြီးဖြစ်၊ အဆိုပါစီမံကိန်းများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများ ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းများကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ နှောင့်နှေးမှုများ များစွာကြုံတွေ့ခဲ့ရ၊ ထို့ကြောင့် ကာလတို၊ ကာလရှည်၊ ကာလလတ် စီမံချက် သုံးမျိုးဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ရဲရဲဝံ့ဝံ့ဆောင်ရွက်သွားနိုင်ရန်လိုအပ်သည်ကို တွေ့ရှိရ**
- **ချေးငွေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လို၊ ရင်းနှီးမတည်ငွေများကို သက်ဆိုင်ရာလုပ်ငန်းများတွင် အသုံးချမှုမရှိဘဲ အခြားလုပ်ငန်းများတွင် အသုံးပြုမှုများကြောင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးနိုင်၊ ထို့ကြောင့် ချေးငွေနှင့်ပတ်သက်၍မှန်ကန်စွာဖြင့် နည်းလမ်းတကျဆောင်ရွက်နိုင်ရေး အားလုံး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားလို**

*စာမျက်နှာ ၃ မှ*
ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု မြင့်မားလာပြီး ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) ပီပြင်လာစေရေးအတွက် မိမိတို့ဗဟိုကော်မတီအနေဖြင့်လည်း ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဗဟိုကော်မတီ၏ (၁/၂၀၂၂)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်တို့က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက်ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းထုတ်ကုန်များကို အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးနိုင်ရန် ပြည်တွင်းရှိ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊ ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ မြေယာမူဝါဒခိုင်ခိုင်မာမာဖြစ်စေရေး၊ စိုက်ပျိုးမြေများကို အခြားနည်းသုံးစွဲမှုများ မရှိစေရေး၊ မြေကိုအကျိုးရှိအောင် စနစ်တကျအသုံးပြုရေး၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများ အမြန်ဆုံးဖွဲ့စည်းရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပေါ်သယံဇာတ၊ မြေအောက်သယံဇာတနှင့်ရေအောက်သယံဇာတများကို စနစ်တကျ စီမံခန့်ခွဲအသုံးပြုရေး၊ ပြည်သူများ သတင်းအချက်အလက်ကို လွယ်ကူစွာ သိရှိနိုင်ရေးအတွက် ဆက်သွယ်ရေးစနစ်ကောင်းမွန်ရေး၊ ပြည်သူ့ပို့ဆောင်ရေးစနစ်ဖြစ်သည့် ကုန်လမ်းပို့ဆောင်ရေးစနစ်တွင် အဓိကကျသည့် မီးရထားနှင့် ရေကြောင်းပို့ဆောင်ရေးတွင် အဓိကကျသည့်သင်္ဘောများ လုံခြုံချောမွေ့စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြေးဆွဲနိုင်ရေးနှင့် မီးရထားနှင့် သင်္ဘောများကြံ့ခိုင်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ရေး၊ ပြည်သူများအား သတင်းအချက်အလက်ဖြန့်ဝေပေးရာတွင်လွယ်ကူစွာဖြင့် အများနားလည်သိရှိနိုင်အောင်ရေးသားဖြန့်ဝေရေး၊ နိုင်ငံစီးပွားရေးတိုးတက်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင်ရေး စသည့်အချက်များနှင့်ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းပြည်၏ မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်ကို ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ စီးပွားရေး လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျန်ရှိသည့် လုပ်ငန်းရပ်များကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် တင်ပြချက်များအရ အားသာချက်နှင့် အားနည်းချက်များကို တွေ့ရှိပါကြောင်း၊ အဆိုပါအချက်များကိုကြည့်၍ အချို့သောကိစ္စရပ်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ရန် အကြံဉာဏ်ပေးခဲ့သော်လည်း အချို့သောကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန် လိုအပ်နေသေးကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို လုပ်ပိုင်ခွင့်များ ခွဲဝေပေးထားပါကြောင်း၊ ဇယား(၁/၂/၃) အရ လုပ်ပိုင်ခွင့်များအားလုံးပေးထားကြောင်း၊ ပြည်ထောင်စုအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး တစ်ပြေးညီရရှိအောင် ဆောင်ရွက်ပေးထားပါကြောင်း၊ တစ်ဖက်မှလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိဒေသနှင့် ကိုက်ညီသည်များကို ဆောင်ရွက်၍ ဒေသစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ဒေသအလိုက် ရေမြေသဘာဝများ မတူညီသကဲ့သို့ ထွက်ရှိသည့် ကုန်ကြမ်းများလည်း မတူညီပါကြောင်း၊ ဒေသအလိုက် ကုန်ကြမ်းများကိုအသုံးပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာအစိုးရအဖွဲ့များက ဆုံးဖြတ်ဆောင်ရွက်သွားရန်လိုကြောင်း။

## လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေး ဆောင်ရွက်ပေးရမည်

ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ပြည်ထောင်စုအနေဖြင့် အဓိကဆောင်ရွက်ပေးရမည်မှာ ပညာရေးကွာဟမှုနည်းပါးစေရန်နှင့် လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေ ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကွာဟချက်များပြားလာပါက MSME လုပ်ငန်းများ သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်နိုင်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အတန်းပညာမြင့်မားရေးနှင့် အတတ်ပညာမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်များကို ကုန်ထုတ်လုပ်မှုနည်းပညာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ခြင်းကြောင့် နည်းပညာနှင့် အတတ်ပညာများကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံစီးပွားရေးပိုမိုတိုးတက်လာမည်ကို သာဓကပေါင်းများစွာဖြင့် တွေ့ရှိရမည်ဖြစ်ပါကြောင်း။

## လျှပ်စစ်စွမ်းအင်သည် ကုန်ထုတ်လုပ်မှု လုပ်ငန်းတွင် မရှိမဖြစ်လိုအပ်

ချေးငွေ (Financing) နှင့် ပတ်သက်၍လည်း ဒေသအားလုံးမှ တောင်းဆိုသည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ ချေးငွေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ ရင်းနှီးမတည်ငွေများကို သက်ဆိုင်ရာလုပ်ငန်းများတွင် အသုံးချမှုမရှိဘဲ အခြားလုပ်ငန်းများတွင် အသုံးပြုမှုများကြောင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးနိုင်ကြောင်း၊ ထို့ကြောင့် ချေးငွေနှင့်ပတ်သက်၍မှန်ကန်စွာဖြင့် နည်းလမ်းတကျဆောင်ရွက်နိုင်ရေး အားလုံးထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ ကုန်စည်ပို့ဆောင်ရေးသည် ကုန်သွယ်မှုလုပ်ငန်းတွင်အရေးကြီးသကဲ့သို့ သတင်းအချက်အလက်များ ရရှိရေးသည်လည်း အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ သတင်းအချက်အလက်မှန်မှန်ကန်ကန်ရရှိရေးနှင့်ကုန်စည်များ မှန်ကန်မြန်ဆန်စွာ ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာကုန်စည်ပို့ဆောင်ရေးစရိတ်များ လျော့ကျသွားမည်ဖြစ်ပြီး ပြည်ပဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သည့် သွင်းအားစုတစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း မိမိတို့အစီအစဉ်ဖြင့် Bio Gasifier များနှင့် Solar System ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့အစည်းအဝေးတွင် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းများရှိပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**“အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ် အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းမှု (Digital Transformation) အပိုင်းသည်လည်း များစွာအရေးပါပြီး မိမိတို့နိုင်ငံ၏အနေအထားအရ ASEAN နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် မြန်ဆန်မှန်ကန်သည့်နည်းလမ်းနှင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု မြင့်မားလာပြီး ဒစ်ဂျစ်တယ် စီးပွားရေး (Digital Economy) ပီပြင်လာစေရေးအတွက် မိမိတို့ဗဟိုကော်မတီ အနေဖြင့်လည်း ထောက်ပံ့ဆောင်ရွက်ပေးသွားမည် ”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့၌ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ကမ်းနားလမ်း တစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့မှုများ ပြုပြင်ပြီးစီးမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး စစ်တွေစာတိုက်ကြီး သို့ ရောက်ရှိကာ မုန်တိုင်းဒဏ် ကြောင့် စာတိုက်အဆောက်အဦ ပျက်စီးထိခိုက်မှုနှင့် ပြန်လည် ပြုပြင်ရန် စီမံဆောင်ရွက်နေမှု



ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

အခြေအနေများကိုကြည့်ရှုစစ်ဆေး ကာ **(အပေါ်ပုံ)** ဌာန၏လုပ်ငန်း တာဝန်များ ပုံမှန်အတိုင်း ပြန်လည် ဆောင်ရွက်နိုင်ရေး မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် စစ်တွေမြို့ ဘက်စုံ သုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်သင့် ဒေသများသို့ ပို့ဆောင်ပေးမည့် တပ်မတော် ကမ်းထိုးရေယာဉ်များပေါ်သို့ စက် ယန္တရားများဖြင့် ကူညီကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အနောက် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးတို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်း ကော်မတီအလိုက် တာဝန်ရှိသူ များက ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် လိုအပ်ချက် များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြန်လည် ထူထောင်ရေးလုပ်ငန်းများ မြန်မြန် ဆန်ဆန် အကောင်အထည်ဖော် ပြီးစီးနိုင်ရေးအတွက် လိုအပ်ချက် များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အစည်းအဝေး ကို ရုပ်သိမ်းလိုက်သည်။

**မိုဘိုင်းစခန်းများပြုပြင်**

ရခိုင်ပြည်နယ် အတွင်း ဆက်သွယ်ရေး အော်ပရေတာ စုစုပေါင်း လေးခု၏ မိုဘိုင်းစခန်း ၁၂၃၃ ခုရှိသည့်အနက် မုန်တိုင်း တိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉ဝ၄ စခန်း ဆက်သွယ်မှုပြတ် တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ခု ဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ မြေပေါ်မြေအောက် ဖိုင်ဘာကေ ဘယ်လ်များ ပြုပြင်ခြင်း၊ အချို့ သော မိုက်ခရိုဝေ့ဖ် ဆက်ကြောင်း များကို ဖိုင်ဘာဆက်ကြောင်းများ ဖြင့် ပြောင်းလဲချိတ်ဆက်ခြင်းနှင့် မိုဘိုင်းစခန်း ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက်အထိ မိုဘိုင်းစခန်း စုစုပေါင်း ၇၆၈ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်း မိုဘိုင်းစခန်း ၁ဝ၉၇ စခန်း ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၉၇ ရာခိုင်နှုန်းဖြင့် ဆက်သွယ် ရေးဝန်ဆောင်မှုများ ဆောင်ရွက် ပေးနိုင်ပြီဖြစ်သည်။

မိုခါမုန်တိုင်းကြောင့် ရခိုင် ပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီး ဌာနမှ ထိန်းသိမ်းထားသော ရေငန်တားတာ ၃၂ ခုအနက် မောင်တောမြို့နယ် ခြပြင်တာ၊ မြောက်ဦးမြို့နယ် ကုလားပုန်း ကျွန်းပတ်တာ၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာ အပိုင်း(၁)နှင့် အပိုင်း (၂) တို့တွင် တာရေကျော် တိုက်စားခြင်း၊ ကျိုးပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

**မိုးမကျမီပြုပြင်ဆောင်ရွက်**

ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ သော တာများကို မိုးမကျမီပြုပြင် ပေးနိုင်ရန်အတွက် ဆောင်ရွက် ရမည့်လုပ်ငန်းပမာဏမှာ မြေကျင်း စုစုပေါင်း ၃၂၉၃၃ ကျင်းရှိသည့် အတွက် စက်ယန္တရားများ လုပ်ငန်းခွင်များသို့ အချိန်မီ ရောက်ရှိအောင် စီမံဆောင်ရွက် ခဲ့ပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း များကို မေ ၂၁ ရက်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက် ခဲ့သည်။

မေ ၂၇ ရက်အထိ မြေကျင်း ပေါင်း ၁ဝ၃၆၅ ကျင်းခန့် ပြီးစီး ပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၄၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ် ပြီး လုပ်ငန်းအားလုံးကို ဇွန် ၃ ရက်တွင် ရာနှုန်းပြည့် ပြီးစီး အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ထိခိုက်ပျက်စီးသွားသော ရေငန်တားတာ သုံးခုကို မိုးမကျမီ ပြီးစီးအောင် ပြုပြင်ပေးခြင်းအား ဖြင့် စုစုပေါင်းရေဘေးကာကွယ် ဧရိယာ ၁၄၂၂၅ ဧကအတွင်း ဒေသခံတောင်သူများ၏ မိုးစပါး များ အပြည့်အဝ စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက် ပေးနိုင်မည်ဖြစ် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





စစ်တွေမြို့၌ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာလိုင်းများ ပြုပြင်ဆောင်ရွက်စဉ်။

ကုလားပုန်းကျွန်းပတ် ရေငန်တားတာ ပြုပြင်ဆောင်ရွက်စဉ်။



ငမန်းရဲကျွန်း ရေငန်တားတာ ပြုပြင်ဆောင်ရွက်စဉ်။




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၁) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်သည့် (၁၁) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မေ ၂၆ ရက် ဒေသစံတော်ချိန် (၀၈:၁၅) နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့လေဆိပ်မှ ထွက်ခွာလာခဲ့ရာ မေ ၂၇ ရက် မြန်မာစံတော်ချိန် (၁၁:၃၀) နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် တတိယအကြိမ် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲ Working Dinner သို့ တက်ရောက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရုရှားနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ပါဝင်ဆွေးနွေး**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ သည် မေ ၂၃ ရက် ညပိုင်းဒေသစံတော်ချိန် (၁၉:၀၀) နာရီတွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် အာဆီယံ- ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီး များ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် လက်နက်ထိန်းချုပ်ရေး နှင့် မပြန့်ပွားရေးအပါအဝင် မဟာဗျူဟာ မြောက်တည်ငြိမ်အေးချမ်းရေးနှင့် အာရှ-ပစိဖိတ်ဒေသတွင်း လုံခြုံရေးအပေါ် ၎င်း၏သက်ရောက်မှု၊ ဒေသတွင်းအင်အား ကြီးနိုင်ငံများအကြား တင်းမာမှုများ မြင့်တက်လာချိန်တွင် အာရှ-ပစိဖိတ်ဒေသ ၏ နိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေနှင့် သတင်းအချက်အလက် ဖလှယ်နိုင်မှု တိုးတက်လာစေရေးအတွက် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သမားရိုးကျ နှင့် သမားရိုးကျမဟုတ်သော လုံခြုံရေး ဆိုင်ရာစိန်ခေါ်မှုများကို တုံ့ပြန်နိုင်မည့် အလားအလာများကို ဖော်ထုတ်ခြင်း တို့နှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မေ ၂၄ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သည် (၁၁) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ် များဆိုင်ရာ အဆင့်မြင့်အရာရှိကြီး များ အစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် တက်ရောက်လာသည့် နိုင်ငံများမှ ကိုယ်စားလှယ် ခေါင်းဆောင်များသည် နိုင်ငံတကာမျက်နှာစာတွင် ယေဘုယျ ဖြစ်ပေါ်နေမှုများ၊ အခွင့်အလမ်းသစ်များ နှင့် စိန်ခေါ်မှုများ၊ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး စသည့်ခေါင်းစဉ်များ ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းနေ့ နေ့လယ်ပိုင်း ဒေသ စံတော်ချိန် (၁၄:၃၀) နာရီ၌ ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ထိုင်းနိုင်ငံ လုံခြုံရေးကောင်စီ၏ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ရူချာကွန် နာပါပွန်ပီပတ် (Mr. Ruchakorn Napapornpipat) နှင့် လည်းကောင်း၊ ဒေသစံတော်ချိန် (၁၆:၅၀) နာရီတွင် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်ပက်ထရူ ရှပ်ဗ် (H.E.Mr. Nikolay Patrushev) နှင့် လည်းကောင်း၊ ဒေသစံတော်ချိန် (၁၇:၃၀) နာရီတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေး ဗျူရို၏ အဖွဲ့ဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည့် မစ္စတာ ချန်ဝမ်ကျင်း ( H.E. Mr. Chen Wenqing –Member of the Political Bureau of the CPC Central Committee၊ Secretary of the Central Secretariat and Secretary of the Central Political and Legal Committee) နှင့်လည်းကောင်း နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ (Bilateral Meeting) ပြုလုပ်ခဲ့ပြီး မြန်မာ- ထိုင်း၊ မြန်မာ- ရုရှား၊ မြန်မာ- တရုတ်နိုင်ငံများ အကြား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ် တိုးတက်မှုများအပေါ် အမြင်ချင်းမျှဝေ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို၏ အဖွဲ့ဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ၏ဥက္ကဋ္ဌ H.E. Mr. Chen Wenqing တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ဆုမွန်တောင်း စကားပြောကြား**

ဆက်လက်၍ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားလုံခြုံရေး ကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံပေါင်း ၁၀၃ နိုင်ငံ နှင့် နိုင်ငံတကာအဖွဲ့အစည်း ခြောက်ခုတို့မှ တက်ရောက်လာကြသည့် ကိုယ်စားလှယ် ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ ပြီး ပြည်ထောင်စုဝန်ကြီးက ဆုမွန်တောင်း စကားပြောကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မေ ၂၅ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံ ရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်သည် ယင်းနေ့ နံနက်ပိုင်းတွင် ဒေသစံတော်ချိန်(၀၈:၃၀) နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စား လှယ်အဖွဲ့ခေါင်းဆောင် အိန္ဒိယနိုင်ငံ၏ ဒုတိယ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရာဂျင်ဒါ ခန်နား (H.E. Mr. Rajinder Khanna)နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုများ (Bilateral Meeting) ပြုလုပ်ခဲ့ပြီး မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ- အိန္ဒိယ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်း ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုများအပေါ် အမြင်ချင်း မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၎င်းနောက် (၁၁) ကြိမ်မြောက် လုံခြုံ ရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိ ကြီးများ အစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးကို ဒေသစံတော်ချိန် (၁၀:၀၀) နာရီတွင် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး ခေါင်းစဉ်ဖြင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံမှုအပေါ် သက်ရောက်နေသည့် အရေးယူပိတ်ဆို့မှုများ၊ ကမ္ဘာ့ဈေးကွက်အခြေအနေများ၊ လွတ်လပ်စွာ ကုန်သွယ်မှုနှင့် အင်အားကြီးနိုင်ငံများ၏ အုပ်စုဖွဲ့ ခြယ်လှယ်မှုအား တားဆီးရန် လိုအပ်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး အဆိုပါ အခြေအနေများအပေါ် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ဖြေရှင်းရာတွင် မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ အင်ဒို- ပစိဖိတ်ဒေသတွင် အရေးပါသောနေရာမှ ပါဝင်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာရှိသော နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးဟူသော အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဒေသတွင်း စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ စားနပ်ရိက္ခာ လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် မိတ်ဖက်နိုင်ငံအားလုံးနှင့်အတူ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။

ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇော်မင်းထက်သည် မေ ၂၅ ရက် ဒေသစံတော်ချိန် (၁၀:၀၀) နာရီတွင် ရုရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး H.E. Mr. I.N.Zubov နှင့် တွေ့ဆုံခဲ့ပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်နိုင်ငံ အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်း၌ ကျင်းပပြုလုပ်သော စားပွဲဝိုင်းဆွေးနွေးပွဲများတွင် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ဆန့်ကျင်ရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်အဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇော်မင်းထက်က ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် (၁၁) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးပြီးမြောက်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဟိုပန်မြို့နယ်ရှိ အ.လ.က(ကောင်းကော်)၊ အ.မ.က(မန်မိုင်)နှင့် အ.မ.က(ရုံးကုန်း)ရှိ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**ဟိုပန် မေ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်ဦးရန်ကျော်သည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့်အတူ ယနေ့နံနက် ၈ နာရီက ကောင်းကော်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ရေးကောင်စီအဖွဲ့ဝင်က ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများအနေဖြင့် မိမိတို့ သားသမီးများကို ပညာသင်ယူစေရန်၊ ပညာတတ်မြောက်မှသာ မိမိရပ်ရွာကို အကျိုးပြုနိုင်မည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံမှုနှုန်းသည်လည်း ယခင်နှစ်ထက် မလျော့အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် မိဘ ဆရာများနှင့် ကျောင်းအကျိုးတော်ဆောင်များက ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားပြီး ဆရာ ဆရာမ လိုအပ်ချက်၊ ရေလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် မန်မိုင်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံမှု မကျန်ရှိစေရေး၊ မိမိရပ်ရွာတွင် ပညာတတ်များ ပေါ်ထွန်းလာစေရေးအတွက် မိမိတို့ သားသမီးများကို ပညာရေးမပြီးဆုံးသေးဘဲ လယ်ယာလုပ်ငန်းခွင်တွင် ဆောင်ရွက်စေခြင်းမျိုး မပြုလုပ်ဘဲ အခြေခံပညာများကို ပြီးဆုံးသည်အထိ သင်ကြားကြစေရန် တိုက်တွန်းလိုပါကြောင်း ပြောကြားပြီး ကျောင်းသူကျောင်းသားများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် ရုံးကုန်းရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအပ်နှံမှု အခြေအနေကို ကြည့်ရှုကာ (ဝဲပုံ) ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံမှု မကျန်ရှိစေရေး၊ သင်ခန်းစာများကို ကျောင်းသားကျောင်းသူများ စိတ်ဝင်စားမှုရှိအောင် သင်ကြားပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှဖိုးခေါင်၊ ငါးခူရနှင့် တောင်ပြိုလက်ဝဲစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ ရက် နံနက်ပိုင်းက စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့နယ် လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ ရောက်ရှိခဲ့ပြီး ရွှေ့ပြောင်းစမ်းသပ်စီမံကိန်းအရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ စခန်းတာဝန်ခံက ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက စစ်ဆေး လက်ခံမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဌာနအသီးသီးက စေ့စပ်သေချာစွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်နှင့်စခန်း၌ ယာယီနေထိုင်စဉ်ကာလအတွင်း လိုအပ်မည့် စားနပ်ရိက္ခာ၊ ရေ၊ မီး၊ မိလ္လာနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျပြင်ဆင်ထားရှိရေးမှာကြား၍ ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ပြီး စခန်းတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး ပြန်လည် ဝင်ရောက်လာမည့်သူများနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် အိမ်ထောင်စုစာရင်း ရေးသွင်းမှတ်သားခြင်း၊ Bio Metric Data များရယူ၍ e-ID ဖြည့်သွင်းခြင်း၊ **(အပေါ်ပုံ)** NVC ကတ်ထုတ်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းမှာကြားခဲ့သည်။ ယင်းနောက် စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်၍ စခန်းတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တောင်ပြိုလက်ဝဲလက်ခံရေးစခန်းသို့ရောက်ရှိခဲ့ပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် ပြန်လည်ဝင်ရောက်လာမည့်သူ၏ ကိုယ်ရေးအချက်အလက်အား (ရုံးချုပ်)ရှိ Data Server သို့ အင်တာနက်လိုင်းချိတ်ဆက်ကာ Online စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းနည်းဖြင့်လည်းကောင်း၊ အင်တာနက်လိုင်း မရရှိပါက Hard Disk အသုံးပြု၍ Offline စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား၍ စခန်းရှိဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်ကာ စခန်းတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မောင်တောမြို့သို့ ရောက်ရှိခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေအနေကိုလည်းကောင်း၊ အမျိုးသမီး သင်တန်းသူများ၏ စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မောင်တောမြို့ရှိ ရုံး၊ သင်တန်းကျောင်းများမှ နည်းပြများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားသည့် စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအားရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အား နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ခမ်းခမ်းနားနား ကျင်းပသွားမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မေ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကျင်းပမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် မန္တလေးတိုင်းဒေသကြီး ဩဝါဒါစရိယ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြု၍ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ (၃) ကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး





ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဩဝါဒါစရိယ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ ဩဝါဒကထာများ နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို နာယကဆရာတော်ကြီးများ၏ ဩဝါဒများခံယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ခမ်းခမ်းနားနား ကျင်းပပြုလုပ် ပူဇော်သွားရန် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။(**အပေါ်ပုံ**)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသည့်နေ့မှစ၍ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသည့်အချိန်နှင့် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် အရိုးပြာအိုးအား ဧရာဝတီမြစ်အတွင်းသို့ ရေမျှောပူဇော်ရာတွင် နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းထားမှုအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ညွှန်ကြားဆောင်ရွက်နိုင်ရန် ဖတ်ကြားတင်ပြလျှောက်ထားကြပြီးနောက် ကြွရောက်လာသော ဆရာတော်သံဃာတော်များနှင့် တာဝန်ရှိသူများက အထွေထွေဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပသွားမည့် အခမ်းအနားနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှဩဝါဒများခံယူကြပြီးနောက် အနိစ္စာဝတသင်္ခါရာစသော သံဝေဂဉာဏ်များကို ရွတ်ဆိုပွားများကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းကာ ဆရာတော်ကြီးများအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် အုတ်တွင်းမြို့နယ် ဓမ္မစကူးလ်စာဖြေဌာနမှ ပထမဆုရရှိ



**အုတ်တွင်း မေ ၂၇**

ဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို မေ ၂၅ ရက်က ရန်ကုန်မြို့(အမျိုးသားကဇာတ်ရုံ)၌ ကျင်းပရာ အုတ်တွင်းမြို့နယ် ရေအိုးစဉ်ကျေးရွာအုပ်စု ရေအိုးစဉ်ကျေးရွာ ဓမ္မစကူးလ်စာဖြေဌာနမှ မောင်စိုးသူရထွန်းက ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၌ အုတ်တွင်းမြို့နယ်၏ အောင်မြင်မှုရလဒ်များအနေဖြင့် ပြိုင်ပွဲဝင်တန်း (အလယ်တန်း) အဆင့်တွင် ပထမဆုရှင် မောင်စိုးသူရထွန်းက ဗုဒ္ဓဝံသဗဟုသုတဝိသာခရေဘွဲ့ အားလည်းကောင်း၊ မောင်မြင့်မြတ်သူ နှင့် မချစ်စနိုးငယ်တို့က ဗုဒ္ဓဝံသဝိသာရဒဘွဲ့များအားလည်းကောင်း၊ မြို့နယ်အခြေပြု (မူလတန်း) ရေးဖြေစာမေးပွဲတွင် ငှက်ပျောတော ဓမ္မစကူးလ်စာဖြေဌာနမှ မအိမ့်မှူးခင်ကတစ်နိုင်ငံလုံးအနေဖြင့် စတုတ္ထဆုအားလည်းကောင်း၊ ရေအိုးစဉ်ဆရာတော် ဦးဝိသုတက အကောင်းဆုံးနည်းပြဆုနှင့် ဗုဒ္ဓဝံသဗဟုသုတခရေဘွဲ့များအားလည်းကောင်း ရရှိကာ အောင်ပွဲဝင်နိုင်ခဲ့သည်။

ဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲကို မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြိုင်ပွဲဝင် ၄၂ ဦးက အဆင့်ဆင့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အုတ်တွင်းစာဖြေဌာန ရေအိုးစဉ်ဓမ္မစကူးလ်မှ မောင်စိုးသူရထွန်းက ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ မြို့နယ်အတွင်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများကို စာအောင်လက်မှတ်ချီးမြှင့်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုခြင်း အခမ်းအနားကို ဇွန် ၄ ရက်တွင် ရေအိုးစဉ်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **အေမင်းရည်စော(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၂၇**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများကို ဇွန် ၁ ရက်တွင် စတင် ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းသားကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်း အသီးသီး၌ ကျောင်းအပ် လက်ခံခြင်းများကို မေ ၂၃ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။



ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပဉ္စမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၂၇၉၇၇၁ ဦးရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသားကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၈)ကြိမ်မြောက် အာရှသတင်းမီဒီယာ ထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဒန်ပါဆာမြို့(ဘာလီ)တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၈) ကြိမ်မြောက် အာရှသတင်းမီဒီယာ ထိပ်သီးအစည်းအဝေး (18th Asia Media Summit ) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံမှတစ်ဆင့် ထွက်ခွာခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(၁၈) ကြိမ်မြောက် အာရှမီဒီယာထိပ်သီး အစည်းအဝေးကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ အာရှ-ပစိဖိတ်ရုပ်သံလွှင့် အဖွဲ့အစည်း AIBD နှင့် အင်ဒိုနီးရှား ရုပ်မြင်သံကြားဌာန TVRI တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး အဆိုပြုဆွေးနွေးချက်ဖြစ်သော လူမှုကွန်ရက် မီဒီယာများတွင် သတင်းတု၊ သတင်းမှားများ ပျံ့နှံ့နေမှုအပေါ် ဝိုင်းဝန်းတိုက်ဖျက်ရေးအချက်အား ဒေသတွင်းနိုင်ငံများတွင်လည်း အလားတူကြုံတွေ့နေကြရသဖြင့် ကန့်ကွက်သူမရှိဘဲ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသဖြင့် ဘာလီကြေညာချက် (Bali Declaration) ကို အတည်ပြု ထုတ်ပြန်နိုင်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် လူမှုကွန်ရက်မီဒီယာ အသုံးပြု၍ သတင်းတု ၊သတင်းမှားနှင့် ပုံဖျက်ထားသည့်လုပ်ကြံသတင်းများ၏ အန္တရာယ်နှင့် စိန်ခေါ်မှုများအား အာရှ - ပစိဖိတ်ရုပ်သံလွှင့် အဖွဲ့အစည်း AIBD နှင့်အတူ လက်တွဲ၍ ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များဖြစ်သည့် လူမှုကွန်ရက်မီဒီယာများကို တာဝန်သိစိတ်ဖြင့် အသုံးပြုလာနိုင်စေရေး အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ရန်၊ လူမှုကွန်ရက်မီဒီယာ တည်ထောင်သူများနှင့် အကျိုးသက်ဆိုင်သူ Stakeholders များဘက်က သတင်းတု၊ သတင်းမှား၊ ပုံဖျက်သတင်းများနှင့် စပ်လျဉ်း၍ တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး ဒေသတွင်းအဆင့် တွန်းအားပေး ပူးပေါင်းဆောင်ရွက်ရန်နှင့် လူမှုကွန်ရက်မီဒီယာ တည်ထောင်သူများနှင့် အကျိုးသက်ဆိုင်သူ Stakeholders များအနေဖြင့် သတင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ချိုးဖောက်ဟန့်တားရာရောက်သည့် သတင်းတစ်ဖက်သက်ဖော်ပြမှုကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိန်းကျောင်းနိုင်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန်အချက်များ အဓိက ပါဝင်သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဖြစ်ရပ်မှန်များအား အာရှသတင်းမီဒီယာထိပ်သီးအစည်းအဝေးသို့ တက်ရောက်သူများ လေ့လာသိရှိနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထုတ်ဝေထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများနှင့် သက်ဆိုင်သည့် တွေ့ရှိချက်များ စာအုပ်နှင့် နိုင်ငံအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီအထိ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုများအား စုစည်းထုတ်ဝေထားသည့် စာအုပ်နှင့် ၎င်းစာအုပ်အကြောင်းအရာများ ပါဝင်သည့် Memory Stick တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ တတိယနေ့ကျင်းပ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ



**နေပြည်တော် မေ ၂၇**

မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ တတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည်။

ကုန်စည်ပြပွဲ တတိယနေ့တွင် ရွှေ၊ ကျောက်စိမ်း၊ ပယင်း၊ သဘာဝတွင်းထွက် ပစ္စည်းတို့ဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊ နေပြည်တော် ပုံရိပ်သစ် သစ်ထွင်းပန်းချီလေဆာခြစ် လုပ်ငန်းမှ ခင်းကျင်းပြသထားသည့် အိမ်တွင်းအလှဆင် ပရိဘောဂအမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ ရခိုင်ရိုးရာပုဆိုးနှင့် လုံချည်၊ Moe Thiri Garment & Distribution မှ ရောင်းချလျက်ရှိသည့် ဆွဲသားအင်္ကျီအမျိုးမျိုးနှင့် နိမ့်ခုံးကနကမာ အချောထည်မှ ခင်းကျင်းပြသထားသည့် ပရိဘောဂအမျိုးမျိုးတို့တွင်လည်း ဈေးဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ကိုးကန့်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း အရောင်းပြခန်းများတွင် ခင်းကျင်းပြသထားသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်၊ သစ်သားအချောထည်၊ လက်ဖက်ခြောက်၊ သစ်ကြားသီး၊ စားသောက်ကုန်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ကော်ဖီ၊ ကျောက်စိမ်းနှင့် ရိုးရာအဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများတွင်လည်း ပြည်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

မြန်မာနိုင်ငံဘက်မှ ပြခန်းများတွင် ခင်းကျင်းရောင်းချလျက်ရှိသည့် အစားအစာများ၊ ပေါ်ဆန်းမွှေးဆန်၊ ကြာဆံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်အစားအစာများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ သီဟိုဠ်စေ့၊ ပိန္နဲယိုနှင့် အလှကုန် ပစ္စည်းအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိရာ ဈေးဝယ်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကိန်းပြခန်းတွင် အထူးဈေးနှုန်းဖြင့် မြေကွက်များကို ဝယ်ယူနိုင်သည့်အပြင် Myanmar New Power Motorcycle Co.,Ltd မှလည်း ဆိုင်ကယ်အမျိုးမျိုးကို ရောင်းချပေးလျက်ရှိသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့ရှိ ခနေမယ် ကော်ဖီနှင့် စားသောက်ကုန် လုပ်ငန်းမှ တာဝန်ရှိသူ မမေဇော်ခိုင်က "ရှမ်းပြည် (တောင်ပိုင်း) ရွာငံဒေသက ထွက်ရှိတဲ့ပစ္စည်းတွေကို ဒီကုန်စည်ပြပွဲမှာ လာရောက်ရောင်းချပေးတာ ဖြစ်ပါတယ်။ ရွာငံဒေသရဲ့ အဓိက ထွက်ကုန်တွေကတော့ ကော်ဖီ၊ မက္ကဒေးမီးယား၊ ပင်မှည့်သီး၊ Green Tea လက်ဖက်ခြောက် နဲ့ CHIA Seed တို့ဖြစ်ပါတယ်။ အခုဆိုရင် ရွာငံဒေသ ထွက်ကုန်တွေကို အမေရိကန်၊ ဂျပန်၊ ဥရောပနိုင်ငံတွေကိုလည်း တင်ပို့ရောင်းချနေပါတယ်။ ကျွန်မတို့ဘက်က ကော်ဖီတွေက အရည်အသွေးမြင့်တဲ့ ထုတ်ကုန်ဖြစ်တဲ့အတွက် Export များများထွက်ဖို့အတွက် ထပ်ပြီးကြိုးစားနေပါတယ်။

"ပြပွဲမှာ ရောင်းချဖြစ်တဲ့ ရည်ရွယ်ချက်က အဓိက တရုတ်နိုင်ငံကို တင်ပို့ရောင်းချချင်တာကြောင့် ဖြစ်ပါတယ်။ အရင်က ကျွန်မတို့ကော်ဖီကို တရုတ်နိုင်ငံဘက် တင်ပို့ဖူးတာ မရှိပါဘူး။ အခုတော့ ရွာငံဒေသကထွက်ရှိတဲ့ အရည်အသွေးမြင့် ကော်ဖီတွေကို တရုတ်ဘက်ကို တင်ပို့ဖို့အတွက် ကမ်းလှမ်းချက်တွေလည်း ရရှိပြီဖြစ်ပါတယ်။

"အခု ခနေမယ်ကော်ဖီကဆိုရင် ကျွန်မတို့ကိုယ်တိုင်လည်း စိုက်ပျိုးပါတယ်။ ကော်ဖီစိုက်ပျိုးတဲ့ တောင်သူတွေဆီကလည်း ဝယ်ယူပါတယ်။ အဓိကကတော့ ကော်ဖီစိုက်တောင်သူတွေ ဝင်ငွေရရှိစေဖို့နဲ့ အရည်အသွေးကောင်းတဲ့ ကော်ဖီဈေးကွက် ချဲ့ထွင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ အရည်အသွေးမြင့်မားတဲ့ ကော်ဖီအပြင် အခြားရွာငံဒေသထွက် ပစ္စည်းတွေကို ဈေးနှုန်းသက်သာစွာနဲ့ အရသာရှိရှိ သုံးဆောင်နိုင်ဖို့အတွက် ပြည်တွင်းဒေသထွက်ကုန်တွေကို အားပေးကြပါလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

တရုတ်နိုင်ငံဘက်မှ ပြခန်းများတွင် လျှပ်စစ်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကြွေပြား၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ အချိုရည်၊ ရိုးရာအရက်၊ LED မီးသီးနှင့် မီးချောင်းများ၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဗာတာ၊ ဘက်ထရီ၊ EV- Charging နှင့် ဆက်စပ်ပစ္စည်းများကို ခင်းကျင်း ရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့ပြင် Henan Feibo Vehicle Industry Co.,Ltd က အရောင်းမိတ်ဆက်သည့် BOMA-X9 EV မော်တော်ကား အကြမ်းဖျင်းဈေး ငွေကျပ်သိန်း ၁၂၀၊ BOMA-X5 EV ကား အကြမ်းဖျင်းဈေး ငွေကျပ် ၆၅ သိန်းဖြင့် မကြာမီ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ EV မော်တော်ကားအပြင် လျှပ်စစ်ဆိုင်ကယ်နှင့် ဆီသုံးဆိုင်ကယ်များကို အရောင်းပြခန်းတွင် ရောင်းချပေးလျက်ရှိပြီး မော်တော်ကား ကုမ္ပဏီများ၊ ဆိုင်ကယ် အရောင်းဆိုင်များနှင့်လည်း ချိတ်ဆက်ထားပြီဟု သိရသည်။

ယင်း ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသော လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံမှ ကုန်သွယ်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ပြပွဲအား လာရောက်ကြည့်ရှု၍ သင့်တော်မည့်ကုမ္ပဏီများနှင့် ကုန်ပစ္စည်းများရှိပါက လာရောက်ဆွေးနွေးညှိနှိုင်းကာ အတွေ့အကြုံများ ဖလှယ်နိုင်ကြောင်း သိရသည်။

**သတင်း - အေးအေးသန့်**
**ဓာတ်ပုံ - ကျော်ရဲဆွေ**



## ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် Ms. Noriko Takagi က မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့မှု အခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသော ပြည်သူများအတွက် UNHCR မှ Solar lamps များ ထောက်ပံ့ပေးမည့်ကိစ္စ၊ အခြား ကယ်ဆယ်ရေးပစ္စည်းများ စစ်တွေမြို့သို့ ပို့ဆောင်မည့်ကိစ္စများ၊ MoU လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမြင်ချင်းဖလှယ်**

**ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆိုင်ကလုန်းမုန်တိုင်း မိုခါ မတိုက်ခတ်မီ အစိုးရဘက်မှ ကြိုတင် ပြင်ဆင်ခဲ့မှုများကြောင့် ပြည်သူများထိခိုက်မှုအား အနည်းဆုံးအခြေအနေသို့ လျှော့ချနိုင်ခဲ့မှု၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို မေ ၈ ရက်မှစ၍ ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ကယ်ဆယ်ရေး ပစ္စည်းများအား အစိုးရနှင့် တပ်မတော်မှ လေယာဉ်၊ ရေယာဉ်များဖြင့် ရခိုင်ပြည်နယ်သို့သယ်ယူ၍ ထောက်ပံ့နေမှု၊ ရခိုင်ပြည်နယ်ရှိ စားသောက်ကုန်များအား သင့်လျော်သောဈေးနှုန်းများဖြင့် ရောင်းချစေနိုင်ရေး စီစဉ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုခါ ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၂၇**

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) တွင် မေ ၂၅ ရက်မှ ၂၈ ရက် အထိ ကျင်းပလျက်ရှိသည့် မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသကြသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များက မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဗဟိုဌာန၌ ကျင်းပသည်။

**အလှူငွေများလှူဒါန်း**

အလှူငွေပေးအပ်ပွဲတွင် ကုန်စည်ပြပွဲ၌ ပါဝင်ပြသကြသည့် မြန်မာ-တရုတ် ကုန်သည်လုပ်ငန်းရှင်များကစုပေါင်း၍ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက လက်ခံရယူသည်။ ထို့နောက် အမြဲတမ်းအတွင်းဝန်က နှစ်နိုင်ငံမှကုန်သည်လုပ်ငန်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းနှင့် ကိုးကန့်တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အလှူငွေပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြသည်။ ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် ပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ မြန်မာ (နေပြည်တော်) - တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် လာရောက်လေ့လာကြည့်ရှုသူ အများပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၂၇**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်းမိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၅ မြို့နယ် တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်၊ လူရွယ်များစုစည်း၍ “မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း” စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ၈၄ လမ်းနှင့် ၁၀၅-၁၀၆ လမ်းရှိ မြေစွန်းဝန်ဘုရားကြီးတောင်ဘက်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့်ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဘိုကလေး မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ယနေ့နံနက် ၈ နာရီခွဲ တွင် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ ကားလမ်းပေါ်ရှိ ကံ့ကော်တစ်ထောင် ဘုရားအနီး မိုင်တိုင်အမှတ်(၃/၄)မှ (၄/၄)နေရာတွင် ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြောင်းမြခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မလေ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက စိုက်ပျိုးမည့်အပင်များအား တက်ရောက်လာသူများကို ပေးအပ်ပြီး တက်ရောက်လာသူများ အားလုံးစုပေါင်း၍ ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ မာလာလူးကားပင် ၁၀၀၊ မန်ကျည်းရှားပင် ၁၅၀ စုစုပေါင်းပျိုးပင် ၆၀၀ အား စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မိုးစက်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် ရခိုင်ပြည်နယ်အတွင်း အားကစားကွင်း/အားကစားရုံ ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိပြီး ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကြောင့် စစ်တွေမြို့ရှိ အားကစားကွင်း၊ အားကစားရုံများ ပျက်စီးဆုံးရှုံးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ)သို့ ရောက်ရှိပြီး နှစ်ထပ်ကျောင်းအုပ်ချုပ်မှုရုံး၊ နှစ်ထပ်စာသင်ဆောင်၊ သုံးထပ် သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ ထမင်းစားဆောင်၊ အားကစား လေ့ကျင့်ရေးရုံများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ထမင်းစားဆောင်တွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြင်ဆင်နိုင်ရန်နှင့် ဝန်ထမ်းများကို အားပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြင်ဆင်မှုများကို မိုးမကျမီ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ဝန်ထမ်းများ အဆင်ပြေစွာလုပ်ငန်း ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဝမ်းရောဂါအပါအဝင် နောက်ဆက်တွဲရောဂါများမဖြစ်ပွားစေရေး ဂရုစိုက်ကြရန်၊ ပျက်စီးမှုများကို တတ်နိုင်သမျှရှင်းလင်းသိမ်းဆည်းကြရန်၊ လုံခြုံရေးဂရုပြုနေထိုင်ကြရန်၊ အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးစွာ နေထိုင်လုပ်ကိုင်ကြရန်မှာကြားပြီး ဝန်ထမ်း ၆၇ ဦးကို ထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဝေသာလီအားကစားရုံ၊ အားကစားသမားအိပ်ဆောင်၊ ထမင်းစားဆောင်၊ ဝန်ထမ်းအိမ်ရာ ပျက်စီးမှုများ၊ ဓညဝတီအားကစားကွင်း၊ စစ်တွေခရိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ ဝန်ထမ်းအိမ်ရာပျက်စီးမှုများနှင့် ဓညဝတီအားကစားရုံ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ အားကစားသမားအိပ်ဆောင်၊ GYM လေ့ကျင့်ရေးခန်းမပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ထမ်း ၂၈ ဦးကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းစီပေးအပ်သည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများ၊ အားကစားကွင်း၊ အားကစားရုံများကို ဦးစားပေးအလိုက် အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကို မှာကြားပြီး မွန်းလွဲပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)၌ ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့နယ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(စစ်တွေ)မှ ဝန်ထမ်းများကို ထပ်မံတွေ့ဆုံ၍ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် စိတ်ဓာတ်မကျရန် ပြင်ဆင်တည်ဆောက်မှုများကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ကျန်းမာရေး ဂရုပြုနေထိုင်ကြရန် အားပေးစကားပြောကြားပြီး ၂၄ ပြည်ဝင် ဆန်အိတ် ၈၀၊ ဆီ ၁၈၅ ဘူးနှင့် ပြည်နယ်အတွင်း လေဘေးဒဏ်ခံ ခရိုင်/မြို့နယ်များမှ ဝန်ထမ်း ၃၇ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်း ဓာတ်အားအမြန်ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းများကြည့်ရှု

**နေပြည်တော် မေ ၂၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလွန့်အလွန် အင်အားပြင်းထန်သော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်း ဓာတ်အားအမြန်ပြန်လည် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းများကိုယမန်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၌ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ တာဝန်ရှိသူများနှင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်သည်။ ထို့နောက် ရသေ့တောင် မြို့နယ်အတွင်း မုန်တိုင်းကြောင့် ပျက်စီးသွားသော မီးစက်အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း – ရသေ့တောင် ဓာတ်အားလိုင်း ပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြို့တွင်း ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်သည်။

ယင်းနောက် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ Control Room နှင့် Swich Yard အတွင်း Power Transformer နှင့် ဓာတ်အားလွှတ်ပစ္စည်းများ စစ်ဆေးဆောင်ရွက်နေမှုနှင့် ခွဲရုံဝန်ထမ်းအိမ်ရာပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းနှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ မြို့ပေါ်ရပ်ကွက်များတွင် ဓာတ်အားလိုင်းများ ပြုပြင် ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးတွင် အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယအင်ဂျင်နီယာချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများမှ လုပ်ငန်း လာရောက်ဆောင်ရွက်လျက်ရှိသော တာဝန်ရှိသူများကို တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်သည်။ ည ၇ နာရီတွင် စစ်တွေမြို့ပေါ်ရှိ မေယုလမ်းမကြီးတစ်လျှောက် ကားကြီးဝင်းအနီးမှ မီးစက်ကြီးအဝိုင်းနှင့် နာရီစင်အထိ လည်းကောင်း၊ လမ်းမကြီး လမ်းတစ်လျှောက် နာရီစင်မှ ဘီလူးမချောင်းတံတားနှင့် ဆတ်ရိုးကျတံတားအထိ လည်းကောင်း ၅၀၀ ကေဗွီအေ ဓာတ်အားပေးစက်ဖြင့် လမ်းမီးများ ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ အများပြည်သူများ၏ တယ်လီဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အလင်းရောင်သုံးလျှပ်စစ်ပစ္စည်းများ အားသွင်းအသုံးပြုနိုင်ရန်အတွက် Charging Point နေရာသုံးခု ထပ်တိုးထားရှိမှုအခြေအနေ၊ လောကနန္ဒာဘုရားကြီးအား လျှပ်စစ်မီး ထွန်းညှိပူဇော်ထားရှိမှုနှင့် နာရီစင်အား မီးထွန်းညှိ အလှဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့

**တနင်္သာရီ မေ ၂၇**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ်၌ ကျောင်းနေရန် အခက်အခဲဖြစ်နေသည့် (Grade-7) အတန်းမှ ကျောင်းသူတစ်ဦးအား ကျောင်းဆက်တက်နိုင်ရန် အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဇဟိုဌာန၌ မေ ၂၆ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းနှင့် မြို့နယ်ပညာရေးမှူးဦးခင်ဇော်တို့က (Grade-7) ကျောင်းသူအား ထောက်ပံ့ငွေကျပ် ၉၀၀၀၀ နှင့် အလှူရှင်များက ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြပြီး လစဉ်ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# ပန်းတနော်မြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပန်းတနော် မေ ၂၇**

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အ.ထ.က(၁)အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနဦးစီးမှူး ဦးမင်းအေးချမ်းဇွန်၊ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဗွီး၊ မန်ဂျန်ရှား၊ မဟော်ဂနီ၊ ယူကလစ်၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ကျွန်း စုစုပေါင်း သစ်ပင် ၄၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# ရခိုင်ပြည်နယ်၌ မိုးစပါးအချိန်မီစိုက်ပျိုးထုတ်လုပ်ရေးအတွက် ထွန်စက်များနှင့် ထွန်ထယ်ကိရိယာများပို့ဆောင်

**နေပြည်တော် မေ ၂၇**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းတွင် ပံ့ပိုးကူညီနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက မြင်းကောင်ရေအား ၅၀ ရှိ နယူးဟော်လန်ထွန်စက် ၃၃ စီး၊ ခြောက်သွားထယ် ၃၃ လက်၊ ဓားစက်ထွန် ၃၃ လက်တို့ကို ရေယာဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ပေးပို့လျက်ရှိကြောင်း သိရသည်။



ထွန်စက်များနှင့် ထွန်ယက်ကိရိယာများကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ ရေယာဉ်ပေါ်တင်နေစဉ်။

အဆိုပါ ထွန်စက်များနှင့် ထွန်ထယ်ကိရိယာများကို မေ ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ သက်ဆိုင်ရာရေယာဉ်ပေါ်သို့ တင်ဆောင်ပြီးဖြစ်ကြောင်း၊ အလားတူ မြောက်ဦးမြို့နယ် ကုလားပုန်းကျွန်းပတ်တာ၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာ အပိုင်း (၁) နှင့် (၂)၊ မောင်တောမြို့နယ် ခြံပြင်တာများ ကျိုးပေါက်ခဲ့မှုကို ပြုပြင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြေတူးစက် ၁၂ စီးဖြင့် လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိရာ တာပြင်ခြင်းလုပ်ငန်းအတွက် မြေကြီးကျင်းပေါင်း ၃၂၀၀၀ ကျော် လျာထားချက်အပေါ် မေ ၂၆ ရက်အထိ မြေကြီးကျင်းပေါင်း ၆၂၀၀ ကျော်ပြီးစီးပြီဖြစ်၍ လုပ်ငန်း ၁၈ ဒသမ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တာများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မိုးမကျမီ ဇွန်လပထမပတ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိရာ စက်ယန္တရားလိုအပ်မှုရှိလာပါက ထပ်မံပြောင်းရွှေ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းများတွင် ပံ့ပိုးကူညီရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် စစ်တွေမြို့တွင် အခြေပြုဆောင်ရွက်လျက်ရှိပြီး မိုးစပါးအပါအဝင် စိုက်ပျိုးထုတ်လုပ်မှုများအတွက် မျိုးစေ့နှင့် လိုအပ်ချက်များ၊ မွေးမြူရေးတိရစ္ဆာန်ရောဂါကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ပုဏ္ဏားကျွန်းမြို့၌ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ရပ်ကွက်များသို့ နယ်မြေခံတပ်မတော်က သောက်သုံးရေများ လာရောက်လှူဒါန်း

**ပုဏ္ဏားကျွန်း မေ ၂၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ပေါ် ရပ်ကွက်များ၌ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပြည်သူများအတွက် သောက်သုံးရေပြတ်လပ်မှုများ မဖြစ်ပေါ်စေရန် ဗိုလ်မှူးချုပ် ဝင်းမောင်၏ ညွှန်ကြားမှုဖြင့် နယ်မြေခံတပ်တော်မှ ရေဂါလန် ၂၀၀၀ ဆံ့ ယာဉ်ဖြင့် နေ့စဉ် လှူဒါန်းပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက မြို့သစ်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား လာရောက်လှူဒါန်းပေးသည်။

အဆိုပါ မုန်တိုင်းဒဏ်ကြောင့် ရေရှားပါးမှု ကြုံတွေ့နေရသည့် ပြည်သူများအတွက် တပ်မတော်ရေသယ်ယာဉ်ဖြင့် ရေသန့်ဂါလန် ၂၀၀၀ ဆံ့ ယာဉ်ဖြင့် လာရောက်ဖြန့်ဝေပေးနေမှုတို့ကို ဗိုလ်မှူးချုပ် ဝင်းမောင်နှင့် အဖွဲ့က လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မိုခါမုန်တိုင်းကြောင့် ရေရှားပါးမှု ကြုံတွေ့နေရသည့် ရပ်ကွက်/ ကျေးရွာများသို့ စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဝေပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **နီထွန်းအောင်(ပြန်/ဆက်)**

## ရေစကြိုမြို့ပေါ်၌ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်သဖြင့် လျှပ်စစ်ဓာတ်တိုင်များနှင့် သစ်ပင်ကြီးများ လဲကျ

**ရေစကြို မေ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ပေါ်ရပ်ကွက်များအတွင်းတွင် မေ ၂၆ ရက် ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အားပေးတိုင်များနှင့် သစ်ပင်ကြီးများ လဲကျပျက်စီးခဲ့ကြောင်း သိရသည်။

လမ်းမကြီးများပေါ်တွင် လဲကျနေသည့် သစ်ပင်ကြီးများနှင့် လူနေအိမ်ပေါ်၌ လဲကျနေသည့် သစ်ပင်ကြီးများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ စီမံကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

လဲကျနေသည့် လျှပ်စစ်ဓာတ်အားပေးတိုင်များနှင့် ဓာတ်အားပေးလိုင်းများကို ရှင်းလင်းခြင်း၊ ပြည်သူများ ဓာတ်အားသုံးစွဲမှု အမြန်ရရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားပေးလိုင်းများ ပြုပြင်ပေးခြင်းကိုလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်လုလင်(ရေစကြို)**



# စစ်တွေမြို့ရှိ မြဝတီထပ်ဆင့်လွှင့်စက်ရုံနှင့် သဇင် FM ထပ်ဆင့်လွှင့်စက်ရုံများမှ ရုပ်သံလိုင်းများ ပြန်လည်ဖမ်းယူကြည့်ရှုနိုင်

**နေပြည်တော် မေ ၂၇**

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက်များမှ လူနေ အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည့်အပြင် စစ်တွေမြို့ရှိ မြဝတီ ထပ်ဆင့်လွှင့်စက်ရုံနှင့် သဇင် FM ထပ်ဆင့်လွှင့်စက်ရုံများမှာလည်း မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ပြီး ၁၀၀ မီတာ လေးချောင်းထောက်တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ လဲကျပျက်စီးခဲ့သဖြင့် ရခိုင်ပြည်နယ်အတွင်း ရုပ်သံထုတ်လွှင့်မှုများ ခေတ္တရပ်ဆိုင်းခဲ့ရသည်။



အဆိုပါ ပျက်စီးခဲ့သည့် ထပ်ဆင့်လွှင့် စက်ရုံများနှင့် ဆက်စပ်ပစ္စည်းများ အမြန်ဆုံးပြန်လည်ကောင်းမွန် ထုတ်လွှင့်နိုင်ရေးအတွက် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ အမြန်ပို့ဆောင်၍ ပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်စဉ်ကာလအတွင်း ယာယီထုတ်လွှင့်နိုင်ရေးအတွက် ၁၅ မီတာခန့်ရှိ ယာယီထုတ်လွှင့်တိုင် ထူထောင်ခြင်း၊ Antenna များ ချိန်ညှိခြင်းနှင့် Cable Feeder များ ချိတ်ဆက်ခြင်း၊ TVRO စလောင်းချိန်ညှိဖမ်းယူခြင်း၊ Signal ကောင်းမွန်မှုရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက်မှစတင်၍ မြဝတီရုပ်သံလိုင်းအား 642 MHz (၁၃၀ ဝပ်)ဖြင့် လည်းကောင်း၊ သဇင် FM အား 88.6 MHz (၅၄၀ ဝပ်)ဖြင့် လည်းကောင်း ခြောက်မိုင်ခန့် အကွာအဝေးအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီထပ်ဆင့်လွှင့်စက်ရုံနှင့် သဇင် FM ထပ်ဆင့်လွှင့်စက်ရုံများမှ ထုတ်လွှင့်သည့် ရုပ်သံလိုင်းများကို မူလအတိုင်း ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ၆၅ မီတာ သုံးချောင်းထောက် တာဝါတိုင်ထောင်၍ Coverage Area လျော့ကျမှုမရှိစေရေး လွှင့်အားတိုးမြှင့်ထုတ်လွှင့်နိုင်ရန် နေ့/ည မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ရသေ့တောင်တပ်နယ်၊ ကန်စောက်တပ်နယ်နှင့် ကျောက်တော်တပ်နယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တပ်မတော်သားမိသားစုဝင်များကို ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၂၇

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် ရသေ့တောင်တပ်နယ်၊ ကန်စောက်တပ်နယ် နှင့် ကျောက်တော်တပ်နယ်များသို့ သွားရောက်၍ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ထိုကဲ့သို့ တပ်နယ်များအလိုက် ကြည့်ရှုစစ်ဆေးစဉ် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီပြီးစီးစေရေး၊ ယာယီနေထိုင်နိုင်ရန်အတွက် သတ်မှတ်အဆောက်အအုံနေရာများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ သုံးရေရရှိရေးနှင့် ကျန်းမာရေးကောင်းမွန်စွာ နေထိုင်နိုင်ရေးတို့အတွက် မှာကြားကာ လုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တပ်နယ်အသီးသီးရှိ တပ်မတော်သားမိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် ကျောင်းသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၇**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက လှူဒါန်းသည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆေးကုသရေးဆိုင်ရာ ပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ သဘာဝဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆန်အိတ်များ၊ ရေသန့်ဆေးပြားများ၊ စားသုံးဆီပုံးများ၊ ဓာတ်ဆားထုပ်များ၊ ရေသန့်ဘူးများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများ၊ စားပွဲခုံများ၊ ဆေးပစ္စည်းများ၊ မိုးကာလိပ်များ၊ LED Solar မီးသီးများနှင့် စားသောက်ဖွယ်ရာများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ခြောက်ကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပို့ဆောင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လာရောက်အားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါတပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

# ၂၀၂၅ ခုနှစ်အတွက် စီအိုပီ ၃၀ အစည်းအဝေးကို အမေဇုန်ဒေသတွင် ဘရာဇီးက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**ရီယိုဒီဂျနေးယိုး မေ ၂၇**

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ညီလာခံဖြစ်သည့် စီအိုပီ ၃၀ ညီလာခံကို ၂၀၂၅ ခုနှစ်တွင် အမေဇုန်ဒေသရှိ ဘလ်လမ်ဒေသ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဟု ဘရာဇီးအစိုးရက ပြောသည်။

ဘလ်လမ်ဒေသမှာ နိုင်ငံမြောက်ပိုင်း အမေဇုန်မြစ်အနီး လူဦးရေ ၁ ဒသမ ၅ သန်း မီတင်းနေထိုင်ရာ အဓိက မြို့ကြီးလည်းဖြစ်သည်။ ကုလသမဂ္ဂရာသီဥတုညီလာခံကို ဘရာဇီးနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းလည်း ဖြစ်သည်။ စီအိုပီအစည်းအဝေးများတွင် အမေဇုန်အကြောင်းကို အဓိကထား ဆွေးနွေးလေ့ရှိကြောင်း ဘရာဇီးသမ္မတ လူးဝစ်အန်နာစီယို လူလာဒါဆေးဗားလ်က ပြောသည်။ ရာသီဥတုညီလာခံကို တိုင်းပြည်အတွင်း ကျင်းပခြင်းဖြင့် အမေဇုန်ဒေသ အပူပိုင်းမိုးသစ်တောအကြောင်းကို ပြည်သူများ သိရှိနားလည်လာမည်ဟု ၎င်းက ဆက်ပြောသည်။ ရာသီဥတုပြောင်းလဲမှု ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလိုကြောင်း ၂၀၂၂ ခုနှစ် အီဂျစ်တွင် ပြုလုပ်သည့် စီအိုပီ ၂၇ ညီလာခံတွင် ဘရာဇီးသမ္မတက ပြောသည်။



အမေဇုန်မိုးသစ်တောကို တွေ့ရစဉ်။

အမေဇုန် မိုးသစ်တော သုံးပုံနှစ်ပုံမှာ ဘရာဇီးနိုင်ငံတွင်ရှိသည်။ ဘရာဇီးနိုင်ငံ၏ သစ်တောပြုန်းတီးမှုမှာ ဘရာဇီးသမ္မတဟောင်း ဘော်ဆွန်နာရိုလက်ထက်တွင် တိုးလာခဲ့သည်။ သမ္မတလူလာ သမ္မတအဖြစ် တာဝန်ယူပြီးသည့်အချိန်မှ စတင်ကာ သစ်တောပြုန်းတီးမှုမှာ ၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု သိရသည်။ ဘရာဇီးသမ္မတ လူလာသည် ၎င်းလက်ထက်တွင် အမေဇုန်နှင့် မိုးသစ်တောထိန်းသိမ်းမှုအတွက် လုပ်ဆောင်ချက်များကို အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကို ပြသရန် မျှော်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်ပဋိပက္ခကြောင့် အီသီယိုပီးယားနိုင်ငံသို့ ဝင်ရောက်လာသူ ၃၁၀၀၀ ကျော်ရှိဟု အိုင်အိုအမ်ပြော

**အဒစ္စအဘာဘာ မေ ၂၇**

ဆူဒန်နိုင်ငံ လက်နက်ကိုင်ပဋိပက္ခအတွင်းမှ အီသီယိုပီးယားနိုင်ငံသို့ ထွက်ပြေးလာသူအရေအတွက်မှာ ၃၁၀၀၀ ကျော်ရှိကြောင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)က ပြောသည်။

ကုလသမဂ္ဂ ရွှေ့ပြောင်းနေထိုင်ရေးအေဂျင်စီ၏ မေ ၂၆ ရက်က ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာတွင် ဆူဒန်နိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုက လူပေါင်းသိန်းနှင့်ချီ၍ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်မှုကို ဖြစ်ပေါ်စေသည်ဟု ဖော်ပြထားသည်။

ဧပြီ ၂၁ ရက် နောက်ပိုင်း အန်ဟာရာ၊ ဘင်းနစ်ရှန်ဂူးလ် ဂွမ်းဇ်နှင့် ဂမ်ဘရီလာဒေသများရှိ နယ်စပ်ဖြတ်ကျော်ဂိတ်များမှတစ်ဆင့် အီသီယိုပီးယားနိုင်ငံသို့ ရောက်ရှိလာသူအရေအတွက်သည် ၃၁၀၀၀ ကျော်ရှိကြောင်း အိုင်အိုအမ်က ပြောသည်။ ဆူဒန်ဆရာဝန်များ သမဂ္ဂအဖွဲ့၏ ထုတ်ပြန်ချက်အရ တိုက်ပွဲဖြစ်ပွားချိန်မှစ၍ အရပ်သားသေဆုံးမှု အရေအတွက်သည် ၈၆၃ ဦးအထိ မြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူများမှာလည်း ၃၅၃၁ ဦးအထိ ရှိလာကြောင်း သိရသည်။

ပဋိပက္ခစတင်ဖြစ်ပွားချိန် ဧပြီ ၁၅ ရက်နောက်ပိုင်း ဆူဒန်နိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပ ဘေးကင်းလုံခြုံသောနေရာများသို့ အိုးအိမ်စွန့်ခွာသူ တစ်သန်းကျော်ရှိကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မကြာသေးမီက ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။





ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် မြောက်ဦးခရိုင် မြေပုံမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ သဘာဝဘေး ပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များက လှူဒါန်းသည့် စားရေရိက္ခာများ သယ်ဆောင် ရောက်ရှိလာသည့် ပြည်တွင်း ရေကြောင်းပိုင် ကုလားတန်(ဖ)ရေယာဉ်မှ ပစ္စည်းများကို နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သယ်ယူပို့ဆောင်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(အပေါ်ဝဲပုံ)**

အလားတူ မာန်အောင်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ အခြေခံပညာ အထက်တန်းကျောင်း ရှေ့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ခန်းများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၇

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အဆိုပါမြို့ရှိ လမ်းမကြီးတစ်လျှောက်တွင် လမ်းဘေးဘယ်ညာမှ လဲကျနေသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အဆိုပါမြို့ရှိ လမ်းများအားသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကိုဆောင်ရွက်သည်။

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေသောဇိနိမာရ်အောင်ဘုရားအတွင်းရှိ သစ်ပင်ကြီးများ လဲကျနေသော သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် မေ ၂၇

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်း များဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ဝင်း၌ ပြုလုပ်သည့် SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် ၆၀ ကီလိုတန်းမှ လက်ဝှေ့အားကစားသမားများ ဖြစ်ကြသည့် စောနိုင်လင်း၊ စောမူထော်ဂေး၊ အောင်ကျော်ကျော်၊ ကျောက်ခဲ၊ သန့်ဇင်၊ ဒိုးလေး၊ ကျော်ရဲမင်း၊ ဟိန်းထွန်းအောင်၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ရန်တိုင်းကျော်၊ ဇူလူ၊ မိုက်မိုက်၊ ကရင်လေး၊ ထွန်းဝင်းအောင်၊ ဝီလျံ၊ စိန်လုံးချော၊ အောင်ဇော်ဟိန်း၊ ၆၇ ကီလိုတန်းတွင် ကညောခွား၊ အောင်ဟိန်း၊ အဖိုးသွေး၊ ထက်နိုင်အောင်၊ သက်ဝင်းအောင်၊ စောမြလင်း၊ စောသာဂိ၊ လမ်းမယူ၊ ၅၇ ကီလိုတန်းတွင် လှိုင်းထက်အောင်၊ စစ်သွေး၊ အောင်ထက်ဟိန်း၊ သွေးလင်းထက်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစားမည့်နေ့တွင် သုံးမိနစ် ငါးချီ ပြိုင်ပွဲပုံစံမှာ ရွှေအောင်လံ ပွဲစဉ်ဖြစ်သည့် အလျောက် အလဲထိုးနှင့် အမှတ်ပေးနည်းစနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး အမှတ်ပေးမှုမှာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က တာဝန်ရှိ ဒိုင်လူကြီးများက ဆုံးဖြတ်အမှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

SKYNET ရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီး၏ ပွဲစဉ်အားလုံးကို "SKYNET SPORTS-4","SKYNET SPORTS-HD","Channel-9 HD"ရုပ်သံလိုင်းတို့တွင် တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည် ဖြစ်သည့်အပြင် သိမ်ဖြူလက်ဝှေ့ အားကစားရုံသို့ လာရောက် ကြည့်ရှုသူများအနေဖြင့် ရုံဝင်ကြေး လက်မှတ်ခငွေကျပ် ၅၀၀၀၊ ငွေကျပ် ၁၀၀၀၀ နှင့် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**ကျော်ကြီး၊**
**ဓာတ်ပုံ-ရဲထွဋ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၂၇ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ထူးသည့်ဂုဏ်အင်ပိုင်ရှင်များဖြစ်လာစေဖို့ ကျောင်းအပ်ကြပါစို့

ဒေါက်တာမောင်သင်း

**“နိုင်ငံနဲ့ လူ့အဖွဲ့အစည်းကို ချောက်ထဲတွန်းချမှာက နိုင်ငံသားတွေရဲ့ ပညာမဲ့ခြင်းနဲ့ အသိဉာဏ်ခေါင်းပါးခြင်းဖြစ်ပြီး နိုင်ငံကိုမြင့်မားအောင် လုပ်မှာကတော့ နိုင်ငံသားတိုင်းမှာ ပညာဉာဏ်ထွန်းတောက်နေခြင်းပါပဲ”**

**အဗ္ဗဒူကာလန်**
**အိန္ဒိယသမ္မတ(ငြိမ်း)**

ကွယ်လွန်သွားတဲ့ အိန္ဒိယသမ္မတကြီး အဗ္ဗဒူကာလန်ဟာ သိပ္ပံပညာရှင်တစ်ဦးပါ။ သိပ္ပံပညာရှင်မှ ဒုံးပျံပညာရှင်ပါ။ အိန္ဒိယနိုင်ငံရဲ့ ဒုံးပျံသုတေသနကို ဦးစီးခဲ့သူတစ်ဦးပါ။ သူ့ဖခင်ဟာ ကျွန်းလေးတစ်ကျွန်းပေါ်မှာရှိတဲ့ ရွာကလေးက သာမန်ဆင်းရဲသားတစ်ဦးပါ။ ပညာရေးမှာ နိမ့်ပါးသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အမြော်အမြင်မနိမ့်ကျသူပါ။ ဖခင်က အမြော်အမြင်ကြီးပြီး သူ့သားကို ကျောင်းသို့ပို့ခဲ့လို့သာ အိန္ဒိယရဲ့ ၁၁ ဦးမြောက် သမ္မတဖြစ်လာတာပါ။

သမ္မတကြီးဟာ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်နေတဲ့ကာလမှာ တက္ကသိုလ်တွေနဲ့ အထက်တန်းကျောင်းတွေကို သွားရောက်လည်ပတ်ခဲ့ပြီး လူငယ်တွေနဲ့ တွေ့ဆုံစကားပြောလေ့ရှိပါတယ်။ လူငယ်တွေကို မေးခွန်းတွေမေးတယ်၊ လူငယ်တွေမေးသမျှလည်း ပြန်ဖြေတယ်၊ ပညာရှင်သမ္မတကြီးက လူငယ်တွေနဲ့ ဘာလို့တွေ့သလဲဆိုတော့ **“လူငယ်တွေရဲ့ ဉာဏ်အလင်းကို ဖွင့်ပေးချင်လို့”** (Brain Igniting) ပါတဲ့။ ဦးနှောက်မီးညှိခြင်းဟုလည်း ဆိုကြပါတယ်။ တစ်နေ့တော့ အထက်တန်းကျောင်းသူလေး တစ်ယောက်က **“အိန္ဒိယကိုချောက်ထဲတွန်းချမယ့်အရာက ဘာပါလဲ၊ အိန္ဒိယကို ထွန်းတောက်အောင်လုပ်မှာကလည်း ဘယ်အရာပါလဲ သမ္မတကြီးရှင့်”**လို့ မေးခဲ့ပါတယ်။ အဆိုပါမေးခွန်းကို ယခုဆောင်းပါးအစမှာ ဖော်ညွှန်းခဲ့တဲ့အတိုင်း သမ္မတကြီးက အထက်တန်းကျောင်းသူလေးရဲ့အမေးကို ပြန်လည်ဖြေကြားခဲ့တာပါ။

မှန်ပါတယ်။ တိုးတက်တဲ့၊ ဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းမှာ လူတစ်ဦးချင်းရဲ့ဉာဏ်ရည် မြင့်မားနေကြပါတယ်။ လူတစ်ဦးချင်းမှသည် နိုင်ငံသားအားလုံးကို ပညာဉာဏ်ထွန်းတောက်အောင် ဆောင်ရွက်တဲ့လုပ်ငန်းကတော့ ပညာရေးပါပဲ။ ပညာရေးကို ရှေ့တန်းကအကောင်အထည်ဖော်နေတဲ့ နေရာများကတော့ အမျိုးမျိုးသော ပညာသင်ကျောင်းတွေပါပဲ။ မျိုးဆက်တိုင်းသည် ကျောင်းသို့သွားကြတယ်။ မိဘများကလည်း သူတို့သားသမီးများကို အသိဉာဏ်ဆင်းရဲမွဲတေသူများ မဖြစ်ကြစေဖို့ ကျောင်းကို စေလွှတ်ကြတယ်။ တစ်နည်းအားဖြင့် လူသားမျိုးဆက်တွေကို အသိဉာဏ်ဆင်းရဲခြင်းမှ လွတ်ကင်းအောင် မိဘများက ကျောင်းကို ပို့ကြတယ်။

**“ထူးသည့်ဂုဏ်အင်”ပိုင်ရှင်**
**မျိုးဆက်သစ်များဖြစ်လာစေရန်**

ပညာသင်ကျောင်းများဟာ ဖတ်စာအုပ်ထဲက စာကိုသာ ရေးတတ်ဖတ်တတ်ဖို့အတွက် သင်ပေးရာ



ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြစဉ်။ နေအောင်(ပြန်/ဆက်)

ဝန်းကျင်မဟုတ်ပါ၊ **“ကျောင်း”**ဆိုတဲ့ ဝေါဟာရကိုက **“ထိန်းကျောင်း”**မှ ရယူထားခြင်းဖြစ်ပြီး ကလေးငယ်များ အနာဂတ်မှာ မိမိကိုယ်ကို ဘေးမသီ၊ ရန်မခ ထိန်းကျောင်းတတ်ဖို့ လေ့ကျင့်ပေးတဲ့နေရာပါ။ ထိန်းကျောင်းရာမှာ ဟိုလိုနေ၊ ဒီလိုလုပ်ဆိုတဲ့ သက်မဲ့ရုပ်တွေကို ပုံစံသွင်းတဲ့ သဘောမျိုးမဟုတ်ဘူး။ **“အကြောင်းနဲ့အကျိုး”**ဆက်စပ်ပြပြီး အသက်အရွယ်နဲ့အညီ ကောင်းမွန်တဲ့ စရိုက်လက္ခဏာတွေ ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပေးတာပါ။ သင်ရိုးညွှန်းတမ်းများရှိပါတယ်။ သင်ရိုးညွှန်းတမ်းဆိုတာ အသက်အရွယ်၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှုတို့နဲ့ ညီညွတ်ဆက်စပ်တဲ့ အကြောင်းအရာတွေကို ကြောင်းကျိုးဆီလျော်စွာ စနစ်တကျရေးဆွဲထားခြင်း ဖြစ်ပါတယ်။

သင်ချင်ရာသင်၊ လေ့ကျင့်ချင်ရာလေ့ကျင့်ပေးတဲ့ သဘောမျိုးမဟုတ်ပါဘူး။ သင်ရိုးညွှန်းတမ်းတိုင်းဟာ ကြောင်းကျိုးဆက်စပ်မှု အမြဲရှိပါတယ်။ ဒါကြောင့် သင်ရိုးအရ ရိုက်နှိပ်ပြဋ္ဌာန်းထားတဲ့ ဖတ်စာအုပ်ပါစာများဟာလည်း အကြောင်းနဲ့အကျိုး ဆက်စပ်နိုင်မှုနဲ့ တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်၊ နှိုင်းယှဉ်တတ်အောင် ရေးသားထားခြင်းပဲ ဖြစ်ပါတယ်။

အကြောင်းနဲ့အကျိုးကို ဆက်စပ်နိုင်စွမ်းရှိတဲ့ ဉာဏ်ရည်ပြည့်ဝပါမှ “ပညာ”ရရှိနိုင်မှာ ဖြစ်ပါတယ်။ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ခြင်းကို သိနိုင်စွမ်း၊ ရှာဖွေနိုင်စွမ်းမရှိရင် လူဟာ အခြားသက်ရှိများနဲ့ မထူးခြားသေးပါဘူး။ အဲဒါကို

**“အိပ်စား၊ ကာမ၊ ဤသုံးဝ၊ လောကတစ်ခွင်**
**တိရစ္ဆာန်လူ၊ အတူတူ၊ ရှိမှု မခြားပင်။**
**ပညာအသိ၊ လူမှာရှိ၊ ထူးသင့်ဤဂုဏ်အင်**
**ပညာကင်းငြား၊ လူနှင့်နွား၊ မခြားတူအသွင်**
**နွားမဖြစ်ရန်၊ လုံ့လသန်၊ မြဲမြံအသိယှဉ်။**
**ပညာပေတုံး၊ ထမင်းဖြုန်း၊ လူသုံးဖော်မဝင်**
**မဖြစ်စေရာ၊ ဉာဏ်ပညာ၊ ဖွေရှာမြဲနေ့စဉ် . . .**

ဆိုပြီး လောကနီတိ၊ ပဏ္ဍိတကဏ္ဍမှာ ပြဆိုထားပါတယ်။

ကျောင်းကိုလာခြင်းဖြင့် “အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ အချက်ကို အထုံပါရမီအဖြစ် ပါသွားတဲ့အထိ လေ့ကျင့်ပေးမှုကို ရရှိနိုင်ပါတယ်။ “အကြောင်းတရား”ကို ရှာတတ်ခြင်းကပင် “ပညာ” ဖြစ်တယ်။ ကြောင်းကျိုးခိုင်လုံမှုမရှိ ပြောဆို၊ လုပ်ကိုင်ခြင်းဟာ လူပီသမှု အနှစ်သာရကင်းစွာ ပြုမူခြင်းဖြစ်လို့ လူ့အဖွဲ့အစည်းဆိုးကျိုးကိုသာ ဖြစ်ထွန်းစေပါတယ်။ လူသားဟာ အကျိုးတရားကို အရသာခံရုံ၊ မြင်ရုံ၊ ထိတွေ့ရုံ၊ ခံစားရုံနဲ့ အဆုံးမသတ်တတ်ကြဘူး။

ဒီအကျိုးတရားများ ဘာကြောင့်ဖြစ်ရသလဲ ဆိုတဲ့အကြောင်းတရားကို ရှာတတ်အောင် ကျောင်းက လေ့ကျင့်ပေးနေရခြင်း ဖြစ်ပါတယ်။ အကြောင်းကြောင့် အကျိုးဖြစ်ခြင်း (သို့) အကျိုးဖြစ်ရတဲ့ အကြောင်းတရားကို သိခြင်း၊ ရှာဖွေနိုင်ခြင်းဟာ “ပညာ”ပင်ဖြစ်ပါတယ်။ ဥပမာအားဖြင့် “ရာသီဥတုပူတယ်”ဆိုတဲ့ အကျိုးတရားကို လူရော၊ တိရစ္ဆာန်ပါ ခံစားရတယ်။ လူကပူတဲ့အကြောင်းတရားကို ရှာဖွေရာ “နေရဲ့ အပူရှိန်ကြောင့်”လို့ သိလာရတယ်။ ထို့အတူ နွေရာသီမှာ ပိုပူခြင်းရဲ့ အကြောင်းတရားက မိမိတို့ နိုင်ငံတည့်တည့်ပေါ်ကို နေလမ်းကြောင်းဖြတ်သွားခြင်းကြောင့်လို့ တွေ့ရှိလာခဲ့တယ်။

ဆောင်းရာသီမှာ အေးရခြင်းက နေလမ်းကြောင်းဟာ မိမိတို့နိုင်ငံနဲ့ အလှမ်းဝေးသွားလို့ နေရဲ့အပူချိန် တိုက်ရိုက်မရခြင်းကြောင့်ဆိုတာ စူးစမ်းမှုအရသိလာတယ်။ ဒီအကြောင်းကို ကျောင်းများက ပထဝီဝင်သင်ခန်းစာမှာ ထည့်သွင်းသင်ကြားပေးတယ်။ တိရစ္ဆာန်က ပူတာ၊ အေးတာဆိုတဲ့ အကျိုးတရားကိုတော့ သိတယ်။ ဒါပေမယ့် ဘာကြောင့်ပူရသလဲဆိုတဲ့ အကြောင်းကိုတော့ ရှာနိုင်စွမ်းမရှိဘူး။ အကျိုးကိုသာသိတယ်။ ခံစားတယ်။ အကြောင်းတရားကိုမသိခြင်း မစူးစမ်းခြင်းဟာ တိရစ္ဆာန်မည်ပါတယ်။

သူတို့မှာ ကျောင်းမရှိပါ။ ဒါကြောင့် အကြောင်းတရား ရှာဖွေနည်းသင်ပေး၊ လေ့ကျင့်ပေးမယ့်သူမရှိလို့ အကြောင်းတရားရှာတတ်တဲ့ သက်ရှိအဖြစ် မတက်လှမ်းနိုင်ဘူး။ အကြောင်းတရား မရှာတတ်သမျှ တိရစ္ဆာန်ဘဝပဲ ဖြစ်နေပါလိမ့်မယ်။ လူက “အကျိုး” ရဲ့ ဖြစ်ပေါ်လာရခြင်း “အကြောင်းရင်းအမှန်”ကို သိတယ်။ “အကြောင်းရင်း”ကို ရှာတတ်တယ်။ ရှာနိုင်စွမ်းလည်း ရှိတယ်။ ဒါကို အထက်ပါလောကနီတိမှာ **“ထူးသည့် ဤဂုဏ်အင်”** (သို့) **“လူသားမှာသာရှိသည့် ဉာဏ်ပညာ”**ဟု ဆိုခဲ့ခြင်းဖြစ်ပါတယ်။ လူသားမှာသာရှိတဲ့ ထူးမြတ်တဲ့ဂုဏ်အင်ကို ကလေးတွေ မဖြစ်မနေ ပိုင်ဆိုင်စေခြင်းအလို့ငှာ နိုင်ငံတိုင်းမှာ ပညာသင်ကျောင်းတွေ ဖွင့်လှစ်ထားပြီး လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါတယ်။

မိဘတွေကလည်း အဆိုပါ “ထူးသည့်ပညာဂုဏ်အင်”ကို ပိုင်ဆိုင်စေဖို့ မိမိတို့ရဲ့သား၊ သမီးများကို ကျောင်းကိုပို့ကြတယ်။ သူတို့ဘဝ အသက်ရှင်သမျှ “သက်ရှိများရဲ့အမြင့်ဆုံးသက်ရှိ” (သို့) “ထူးသည့် ဤဂုဏ်အင်ပိုင်ရှင်” သက်ရှိများအဖြစ် အသက်ရှင်နေထိုင်သွားနိုင်ဖို့ ရည်ရွယ်ခြင်းကြောင့် ဖြစ်ပေတယ်။ ဒီဂုဏ်အင်မရှိရင် လူသားရုပ်သွင်သာပိုင်ဆိုင်ပြီး တိရစ္ဆာန်ဉာဏ်ရည်နဲ့ မခြားသူများဖြစ်သွားမှာ စိုးရိမ်ကြတယ်။ မိဘများရဲ့ မြင့်မြတ်တဲ့ စိုးရိမ်စိတ်ပါ။ မိဘတိုင်း မလွဲမသွေ ပိုင်ဆိုင်နေရမယ်။

**ပညာပေတုံး၊ ထမင်းဖြုန်း တော်လှန်ရေး**

ကျောင်းတက်ခဲ့ကြတဲ့ ကျောင်းသူ ကျောင်းသားတွေ ဘာတွေရခဲ့သလဲဟုမေးရင် နိုင်ငံလွတ်လပ်ရေးရပြီးခါစ အမြင်ကတော့ “စာတတ်တယ်”လို့ သာမြင်ကြတယ်။ တကယ်တော့ ကျောင်းဟာ “ဖတ်စာအုပ်ထဲက စာတွေလောက်ကိုသာ သင်ပေးတဲ့ ပရိဝုဏ်” မဟုတ်ပါလို့ အကြိမ်ကြိမ် ရေးခဲ့ပြီးပါပြီ။ တကယ်တော့ ကျောင်းဟာ ယနေ့ကလေးများကို ဉာဏ်အမြော်အမြင်ကြီးမားအောင်၊ အမြင်ကျယ်အောင်၊ “ဉာဏ်မျက်စိတံခါး”ပွင့်လာအောင် လေ့ကျင့်ပေးတဲ့နေရာပါ။ အသိဉာဏ်တိုးရုံတင်မကပါ၊ လုပ်တတ်၊ ကိုင်တတ်၊ တွေးခေါ်မြော်မြင်တတ်ပြီး အနာဂတ်မှာ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ကင်းစွာ ထိန်းကျောင်းနိုင်စွမ်းရှိအောင် လေ့ကျင့်ပေးတဲ့နေရာပါ။

လူ့အဖွဲ့အစည်းအတွင်း လိုက်လျောညီထွေစွာ နေတတ်၊ ထိုင်တတ်၊ ဆက်ဆံတတ်၊ အကြောင်းအကျိုးနားလည်ပြီး ဆင်ခြင်တုံနိုင်စွမ်းရှိလာပြီဆိုရင် “ပညာတတ်”လို့ခေါ်ဆိုနိုင်ပါပြီ။ ဒီလိုကြောင်းကျိုးဆက်စပ်တတ်ပြီး ဆင်ခြင်တုံတရားပြည့်ဝတဲ့ နိုင်ငံသား ပေါ်ကြွယ်ဝစေဖို့အတွက် နိုင်ငံတော်အနေနဲ့

*စာမျက်နှာ ၁၇ သို့*

❖ တကယ်တော့ ကျောင်းဟာ ယနေ့ကလေးများကို ဉာဏ်အမြော်အမြင်ကြီးမားအောင်၊ အမြင်ကျယ်အောင်၊ “ဉာဏ်မျက်စိတံခါး” ပွင့်လာအောင် လေ့ကျင့်ပေးတဲ့နေရာပါ။ အသိဉာဏ်တိုးရုံတင်မကပါ၊ လုပ်တတ်၊ ကိုင်တတ်၊ တွေးခေါ်မြော်မြင်တတ်ပြီး အနာဂတ်မှာ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ကင်းစွာ ထိန်းကျောင်းနိုင်စွမ်းရှိအောင် လေ့ကျင့်ပေးတဲ့နေရာပါ

# အရည်အသွေးမီ ထုတ်ကုန်များ အချိန်မီထုတ်လုပ်နိုင်ရေး ကျွမ်းကျင်လုပ်သားများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လို

ရန်ကုန် မေ ၂၇

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ်ရှိ Dishang Group အထည်ချုပ်စက်ရုံနှင့် Delicious Food Co.,Ltd (One Tea) နို့ဆီစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးသည်။



ဒုတိယဝန်ကြီးဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ အထည်ချုပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံများနှင့် အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များက လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အလုပ်သမားရေးရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု၊ အလုပ်သမားအဖွဲ့အစည်းနှင့် စက်ရုံအတွင်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဝင်များ ပူးပေါင်းဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုများနှင့်အညီ လိုက်နာဆောင်ရွက်မှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် လိုက်နာဆောင်ရွက်မှု၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရန် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်မှုသည် အဓိကကျပြီး အရည်အသွေးမီထုတ်ကုန်များ အချိန်မီထုတ်လုပ်နိုင်ရေး ကျွမ်းကျင်လုပ်သားများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်လိုကြောင်း၊ ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန်နှင့် မန်နေဂျာများနှင့် ကြီးကြပ်ရေးမှူးများအနေဖြင့် သင့်တင့်မျှတသော လုပ်ငန်းခွင်ဆက်ဆံရေး တည်ဆောက်ပြီး လုပ်ဖော်ကိုင်ဖက်အလုပ်သမားများကို လုပ်ငန်းခွင်စည်းကမ်းများကို အလေးထား လေးစားလိုက်နာဆောင်ရွက်ရေး၊ စက်ရုံအတွင်းရှိ သတ်မှတ်အဆင့်မီသူများကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းစေရေးဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဆေးရေးအရာရှိများ၏ အကြံပြုချက်များကို ကောင်းစွာသိရှိလိုက်နာဆောင်ရွက်ရန်၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းစေရေး အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) နှင့် အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်များနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး မျှတသည့် အလုပ်သမားရေးရာ ဆက်ဆံမှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ပူးပေါင်းဆောင်ရွက်မှုဖြင့် ကောင်းမွန်သည့်အနာဂတ်ကို ထူထောင်ရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး အလုပ်သမား ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် ဦးစီးဌာနတာဝန်ခံများ၊ စက်ရုံ၊ အလုပ်ရုံတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

ဥပဒေမှာ **"မသင်မနေရ မူလတန်းပညာရေး"**ကို ချမှတ်ခဲ့ပါတယ်။ ကျောင်းတွေ တိုးချဲ့ဖွင့်လှစ်ခဲ့တယ်၊ ဆရာ ဆရာမတွေ တိုးချဲ့ခန့်ထားပေးခဲ့တယ်။ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေ တိုးချဲ့ပံ့ပိုးခဲ့တယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့် မဆုံးရှုံးရလေအောင် အခမဲ့ပညာရေးကို ဆောင်ရွက်ပေးနေပါတယ်။

ဉာဏ်ပညာမဲ့သူ ပပျောက်ရေးအတွက် ဆောင်ရွက်နေခြင်းပါ။ ထမင်းသာစားပြီး လူကောင်သာကြီးထွားလာတဲ့ လူ့ဘောင်လူ့လောကအတွက် ကောင်းကျိုးမပြုတဲ့ "ပညာမဲ့"များ မရှိစေဖို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် **"ပညာကင်းငြား၊ လူနှင့်နွား၊ မခြားတူအသွင်"**ဆိုတဲ့ တိရစ္ဆာန်နဲ့ မခြားတဲ့ နိုင်ငံသားတွေ ပပျောက်သွားစေဖို့ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ဒါကို ဉာဏတော်လှန်ရေး၊ ပညာမဲ့တော်လှန်ရေး၊ ဖိုးသုည (လူဖြစ်ပြီး တိရစ္ဆာန်ထက်အသိဉာဏ်ပိုမမြင့်သူ) တော်လှန်ရေးလို့ ခေတ်အဆက်ဆက်ခေါ်ခဲ့ကြတယ်။ ဘယ်လိုခေါ်ဆိုသုံးနှုန်းပါစေ၊ ဒီတော်လှန်ရေးရဲ့ရလဒ်က မျိုးဆက်သစ်ကလေးငယ်တွေကို **"ပညာတတ်လူသားဘဝ"**၊ ထိုမှတစ်ဆင့် **"ပညာထွန်းတောက် နိုင်ငံသားများ"** အဆင့်ဆီကို မြှင့်တင်ပေးနေခြင်း ဖြစ်ပါတယ်။

ဒီတော်လှန်ရေးရဲ့ ထူးခြားချက်မှာ သေနတ်မရှိ၊ ကျည်ဆန်နတ္ထိ၊ သွေးသံယိုမှုကင်းပြီး ပျော်ရွှင်ခြင်းအပြည့်ရှိကြတယ်။ ငြိမ်းချမ်းမှုကို မြတ်နိုးခုံမင်လာကြတယ်။ မျိုးဆက်သစ်တို့ရဲ့ ဘဝအဆင့် ပိုမိုမြင့်မားလာတယ်။ ဒီဉာဏတော်လှန်ရေးမျိုးက လူ့သမိုင်းအဆက်ဆက်မှာ လူ့ဘောင်သမိုင်း ပိုပိုပြီး ထွန်းတောက်စေဖို့အတွက် စဉ်ဆက်မပြတ်ရှိနေဦးမှာပါ။ မိဘတိုင်း မိမိသားသမီးကို ကျောင်းအပ်ခြင်းဟာ မြင့်မြတ်တဲ့ ဉာဏတော်လှန်ရေးကို ပြည့်ဝနိုင်ငံသားများအနေနဲ့ ပါဝင်ဆင်နွှဲနေခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတိုင်းက မိဘများရဲ့ ခေတ်ကပေးအပ်လာတဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်း ဖြစ်ပါတယ်။

**နေခြည်မှာ ပညာရည်လောင်းတဲ့ကျောင်းဆီသို့**

ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာရွှေရည်လောင်း
ငါတို့စာသင်ကျောင်း .... တဲ့။

ကဗျာဆရာကြီး ပျဉ်းမနားမောင်နီသင်းရဲ့ ကဗျာလေးပါ။ ကျောင်းဖွင့်ချိန်ရောက်တိုင်း မြန်မာ့ရုပ်မြင်သံကြားမှာ ကြည်နူးစွာ အချိန်ကိုက်ပေါ်ထွက်လာတဲ့ ကျောင်းတက်ကြဖို့နှိုးဆော်တဲ့ အစီအစဉ်လေးပါ။ အသိဉာဏ်မြင့်မားတဲ့ မိဘတိုင်း မိမိတို့ရဲ့သား၊ သမီး (အဖူးအငုံ ပန်းကလေးတွေ) ကို လူ့ဘောင်လောကအလယ် ငွားငွားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့် ပွင့်လန်းနိုင်စေဖို့ ကျောင်းကိုပို့ခြင်းဖြင့် **"မိဘဝတ္တရား ကျေပွန်ကြပါလေ့"** လို့ နှိုးဆော်နေခြင်းဖြစ်ပါတယ်။

**မိဘတွေရဲ့ သမိုင်းပေးတာဝန်ကျေခဲ့မှု**

မိဘဆိုတာ မိမိတို့ သားသမီးကို ဘယ်ခေတ်၊ ဘယ်အခါမဆို ပညာတတ်ဖြစ်စေချင်ကြတယ်။ ဗြိတိသျှကိုလိုနီလက်ထက်မှာလည်း ကျောင်းပို့ခဲ့ကြတယ်။ အဲဒီအချိန်က မိဘတွေဟာ အမြော်အမြင်ကြီးခဲ့ကြတယ်။ သမိုင်းထင်ရှားရှိခဲ့တယ်။ မမေ့ကောင်း၊ မမေ့အပ်တဲ့ သမိုင်းကြောင်းက မိဘတွေရဲ့ သမိုင်းပေးတာဝန်ကျေခဲ့မှုပါ။ ဥပမာအားဖြင့် မအူပင်မှ မောင်ဘမော်၊ ပန်းတနော်မှ မောင်သန့်နဲ့ မောင်ခန့်တို့ညီအစ်ကို၊ နတ်မောက်က မောင်ဘဝင်းနဲ့ မောင်အောင်ဆန်းတို့ ညီအစ်ကို၊ ထုံးဘိုက မောင်မြ၊ ဝါးခယ်မက မောင်နု၊ ပေါင်းတလည်က မောင်ရှုမောင်၊ မိတ္ထီလာက မောင်ရာဇတ်၊ မန္တလေးက မောင်ဗဟိန်း၊ ပုသိမ်က မောင်ဘဦးနဲ့ မန်းဝင်းမောင်၊ လောင်းလုံက မောင်ဗထူး၊ ပျဉ်းမနားက မောင်ကျော်ငြိမ်း၊ ဘုတလင်က မောင်သိန်းဖေ၊ ဟသ်ာတက မန်းဘခိုင်၊ ကြို့ပင်ကောက်က မောင်ဘဖေ၊ မြောင်းမြက မောင်ဘချို၊ တောင်ကြီးက စဝ်ရွှေသိုက်၊ ရွှေတောင်က မောင်လွန်းမောင် (သခင်ကိုယ်တော်မှိုင်း)၊ သံတွဲက မောင်ကျော်ရင် စသူတို့ရဲ့ မိဘတွေဟာ အမြင်ကျယ်ပြီး အမြော်အမြင်ကြီး၍သာ ကိုလိုနီခေတ်ပညာရေးက ဖွင့်လှစ်တဲ့ ကျောင်းတွေကို ပို့ခဲ့ကြတာ၊ မိမိတို့သားတွေကို ဉာဏ်ပညာ အလင်းတောက်ပအောင် ဆောင်ရွက်စေခဲ့ကြတာဖြစ်ပါတယ်။

**အသိဉာဏ်မြင့် မိဘများ**

သူတို့ ယုံကြည်တာက "ပညာသင်ကျောင်း" တိုင်းဟာ ကလေးသူငယ်တွေကို ယဉ်ကျေးအောင်၊ လိမ္မာအောင်နဲ့ ဉာဏ်ပညာမြင့်မားအောင် သင်ပေးလေ့ကျင့်ပေးတဲ့နေရာ ဖြစ်ပေတယ်။ ဘယ်မိဘကမှ မိမိတို့ သားသမီးကို ဆိုးမိုက်သူ၊ ဉာဏ်ထုံသူ၊ လူတုံးလူအများ မဖြစ်လိုကြဘူး။ အသိဉာဏ်မြင့်မိဘများဖြစ်ခဲ့တယ်။ မိဘတွေရဲ့ ဉာဏ်ပညာမြင့်မားမှုက သမိုင်းထဲက မျိုးဆက်တွေကို လွတ်လပ်ရေးခေါင်းဆောင်များဖြစ်စေခဲ့သလို နိုင်ငံဟာလည်း ထွန်းတောက်သူတို့ရဲ့ စွမ်းအားကြောင့် ကျွန်ဘဝက လွတ်မြောက်ခဲ့တာပါ။

ထို့အတူ ကျွန်းပေါ်က ရွာလေးမှာ လေ့ကူးတို့ပို့တဲ့ တမီလ်လူမျိုး ပညာအခြေခံအလွန်နည်းတဲ့ ဖခင်ကသာ သူ့သားကို ကျောင်းမထားခဲ့ဘူးဆိုရင်၊ ထို့အတူ တခြားရွာသားတွေလုပ်နေသလို ဖခင်နဲ့အတူ များပြားတဲ့မိသားစုကို ရှာဖွေကျွေးမွေးဖို့ ငယ်ငယ်လေးကတည်းက မိမိရဲ့သားဖြစ်သူကို ဝင်ငွေရှာခိုင်းခဲ့မယ်ဆိုရင် အဗ္ဗဒူကာလန်ကလေးဟာ ဒုံးပျံပညာရှင်နဲ့ အိန္ဒိယရဲ့ ၁၁ ဦးမြောက် သမ္မတကြီး ဖြစ်လာစရာအကြောင်းမရှိဘူး။

ကျောင်းအပ်ခြင်းဟာ သမ္မတအိမ်တော်ကို လှမ်းမယ့် ပထမခြေလှမ်းလို့ ဆိုပါရစေ။ ဖခင်က ပညာရေးနိမ့်ပါးပေမယ့် သားကို မိဘမျိုးဆက်ထက်သာစေလိုတဲ့ အသိဉာဏ်မြင့်မားမှု၊ မိဘမေတ္တာ၊ မိဘစေတနာကြောင့်ဆိုတာ အိန္ဒိယသမ္မတကြီးရဲ့ ဖခင်က ထင်ရှားစွာပြခဲ့ပါတယ်။ သူ့ဖခင်ဟာ မိမိရဲ့သားနဲ့ အိန္ဒိယနိုင်ငံကို ချောက်ထဲတွန်းချလိုသူ မဟုတ်ပါ၊ အိန္ဒိယမှာ ပညာထွန်းတောက်တဲ့ လူငယ်တွေ ကြွယ်ဝစေလိုတဲ့ အမြင်ရှိသူပါလို့ မြင်မိပါတယ်။

ဒီနေရာမှာ မြန်မာ့လွတ်လပ်ရေး ခေါင်းဆောင်လောင်းတွေနဲ့ အိန္ဒိယသမ္မတလောင်းလျာတို့ဟာ ကျွန်ပညာရေးခေါ် ကိုလိုနီပညာရေးက ဖွင့်ထားတဲ့ ကျောင်းကိုသွားခဲ့ကြတယ်။ ဘယ်အခြေအနေပင်ရှိစေကာမူ ကျောင်းကရတဲ့ ပညာက အားလုံးကို ကြီးမြတ်တဲ့ သခင်ခေါင်းဆောင်များအဖြစ်သို့ ဆောင်ကြဉ်းရောက်ရှိစေခဲ့ပြီး တိုင်းပြည်ကိုလည်း ကယ်တင်နိုင်ခဲ့ကြတယ်။ သမိုင်းထဲက မိဘတွေ မိမိတို့သားသမီးကို ကျောင်းပို့ခဲ့တဲ့ရလဒ်ပါ။ မိမိတို့ရဲ့ အဖူးအညွှန့်ရတနာတွေကို နေခြည်လို့ဆိုအပ်တဲ့ ပညာသင်ကျောင်းကိုပို့ပြီး ခေါင်းဆောင်လောင်းတွေကို လေ့ကျင့်ပေးနေသူ ဆရာ ဆရာမတွေရဲ့ ပညာရွှေရည်လောင်းပေးခဲ့တဲ့ မှတ်တမ်းသာဓကပါ။ ကောင်းမြတ်တဲ့သမိုင်းဂုဏ်ကို မြန်မာမိဘတွေ ဆက်လက်မြှင့်ပေးကြပါ။

ယနေ့မှာလည်း ပြည်မြန်မာကို ချောက်ထဲတွန်းချချင်တဲ့မိဘတွေ နိုင်ငံမှာမရှိပါလို့ မြင်မိပါတယ်။ မိမိသားသမီးအပါအဝင် ကလေးများကို ပညာတတ်စေချင်သူ မိဘတွေသာ ကြွယ်ဝတဲ့ နိုင်ငံပါ။

**ကျောင်းတက်ခဲ့တဲ့ မျိုးဆက်တွေကြောင့်**

သမိုင်းမှာ မြန်မာနိုင်ငံကို ကျွန်ဘဝက လွတ်ကင်းတဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်အောင် ဆောင်ကြဉ်းခဲ့တာလည်း မိဘတွေက ကျောင်းအပ်ပြီး ကျောင်းကို ပျော်ပျော်ရွှင်ရွှင် တက်ခဲ့တဲ့ မျိုးဆက်တွေကြောင့်ပါ။ ရပြီးသား မြန်မာ့လွတ်လပ်ရေး ဆက်လက်ထိန်းသိမ်းခဲ့တာလည်း ကျောင်းတက်ခဲ့တဲ့ မျိုးဆက်တွေကြောင့်ပါပဲ။ အိန္ဒိယနိုင်ငံကို ချောက်ထဲမရောက်အောင်နဲ့ ကမ္ဘာ့ဖွံ့ဖြိုးမှု စာရင်းဝင်အောင် ကြိုးပမ်းခဲ့ကြသူများဟာလည်း ကျောင်းတက်ခဲ့တဲ့ အိန္ဒိယနိုင်ငံသားမျိုးဆက်တွေပါပဲ။ မြန်မာနိုင်ငံကိုဖွံ့ဖြိုးအောင် ကြိုးပမ်းခဲ့၊ ကြိုးပမ်းဆဲ ဆောင်ရွက်နေကြတာလည်း ကျောင်းတက်ပြီး မိမိရဲ့အသိဉာဏ်မြင့်မားအောင် ဆောင်ရွက်ခဲ့ကြတဲ့ မျိုးဆက်တွေကြောင့်ပါပဲ။

မျိုးဆက်သစ်တွေ အသိဉာဏ်မြင့်မားအောင်၊ ပွင့်လန်းအောင် ခေတ်အဆက်ဆက် ကျောင်းကို စေလွှတ်ခဲ့ကြတာလည်း နောက်ကွယ်မှာ အမြော်အမြင်ကြီးတဲ့ မိဘတွေရှိကြလို့ပါပဲ။ မြန်မာ့ခေတ်သမိုင်းတစ်လျှောက် မိဘတွေ ဉာဏ်အမြော်အမြင်မြင့်ခဲ့လို့သာ သားသမီးမျိုးဆက်တိုင်းဟာ ပညာရဲရင့် ပွဲလယ်တင့်ခဲ့ကြပြီး နိုင်ငံ့အလံ လေထဲမှာ တလူလူလွင့်နိုင်ခဲ့တာပါ။ နိုင်ငံ့အနာဂတ်ဟာ ပညာရှင်၊ ပညာတတ် မျိုးဆက်သစ်တွေအပေါ် တည်မှီနေပေမယ့် "လက်ဦးဆရာ မိဘနှစ်ပါး" ရဲ့ ဉာဏ်အမြော်အမြင်ကြီးမှုက အဓိကမို့ သင့်သားသမီးတွေကို **"လူသားများသာ ပိုင်ဆိုင်တဲ့ ဉာဏ်ပညာ"** (သို့) **"ထူးတဲ့ဂုဏ်အင်ပိုင်ရှင်များ"** ဖြစ်လာကြစေဖို့နဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အနာဂတ်မြင့်မားဖွံ့ဖြိုးစေဖို့ မိမိတို့သားသမီးတွေကို မဖြစ်မနေ ကျောင်းအပ်ခြင်းဖြင့် မိဘဝတ္တရားကျေပွန်တဲ့ မြင့်မြတ်မိဘများအဖြစ် ရပ်တည်ပေးကြပါစို့" လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ၊ မြို့ပေါ်နှင့် ကျေးလက်နေဒေသခံပြည်သူ စုစုပေါင်း ၅၅၀၉ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့



နေပြည်တော် မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးဆေးကုသရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ထိန်လင်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့အား တွဲဖက်စစ်ရေးချုပ်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းပေးအပ်ကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

အဆိုပါ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုစစ်သည်များ ပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်ပါဝင်ပြီး စစ်ကိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူများအား မေ ၁၇ ရက်မှ ၂၃ ရက်အထိ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၂၉၈၃ ဦးကို ကိုဗစ်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဆေးကုသမှုဆိုင်ရာရောဂါလူနာ စုစုပေါင်း ၁၆၀၇ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါလူနာစုစုပေါင်း ၄၉၅ ဦး၊ ကလေးရောဂါလူနာစုစုပေါင်း ၂၃၅ ဦး၊ သားဖွားမီးယပ်ရောဂါလူနာစုစုပေါင်း ၂၂၉ ဦး၊ အရိုးရောဂါလူနာစုစုပေါင်း ၆၃၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ စုစုပေါင်း ၂၉၆ ဦး၊ မျက်စိရောဂါလူနာစုစုပေါင်း ၁၃၆၅ ဦး၊ သွားရောဂါလူနာ စုစုပေါင်း ၆၄၆ ဦး အပါအဝင် ပြည်သူလူထု စုစုပေါင်း ၅၅၀၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သာမန်ခွဲစိတ်လူနာ စုစုပေါင်း ၁၀၅ ဦး၊ မျက်စိခွဲစိတ်လူနာစုစုပေါင်း ၁၀၅ ဦး၊ ရွေ့လျားခွဲစိတ်ယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များဖြင့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ စုစုပေါင်း ၁၈၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာစုစုပေါင်း ၃၅၆ ဦး၊ Ultrasound စမ်းသပ်လူနာစုစုပေါင်း ၄၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်မှု လူနာစုစုပေါင်း ၆၈၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် ဒေသခံပြည်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ စနစ်တကျ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများကို ထောက်ပံ့ကူညီနိုင်ရန်အတွက် ရန်ပုံငွေပဒေသာကပွဲကြီးဖျော်ဖြေရန် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၇

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ကူညီနိုင်ရန် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ လူ့ရှင်တော်အစည်းအရုံးတို့ပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲ ကျင်းပနိုင်ရေး ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ လူ့ရှင်တော်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်က ရခိုင်ပြည်နယ် မုန်တိုင်းသင့်ပြည်သူများကို သွားရောက်အားပေးခဲ့ကြသည့် အနုပညာရှင်များ အနေဖြင့် ဆက်လက်ထောက်ပံ့ကူညီနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်မှုကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပွဲကြီး ကျင်းပနိုင်ရန် ယခုလို သိုက်သိုက်ဝန်းဝန်းဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုကို ဖိတ်ကြားမှုအရ လာရောက်သည်ကို တွေ့မြင်၍ ဝမ်းမြောက်မိကြောင်း၊ သဘာဝဘေးဒဏ်သင့် တိုင်းရင်းသားပြည်သူများကို မေတ္တာစေတနာမှန်ဖြင့် ကူညီဆောင်ရွက်နေမှုကိုတွေ့မြင်ရ၍ တိုင်းဒေသကြီး အစိုးရအနေဖြင့် လိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ရုပ်ရှင်၊ ဂီတ၊ သဘင်၊ လူ့ရှင်တော်စုပေါင်းအလှူတွင် အဘက်ဘက်က ကူညီပေးကြသည့် အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ အားလုံးပါဝင်ဖျော်ဖြေနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံလိုကြောင်း၊ ရန်ပုံငွေပဒေသာကပွဲကြီးတွင် မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲ၌ ကျန်ရှိသည့်စာအုပ်များကို ရောင်းချ၍ အလှူငွေများ ထည့်ဝင်သွားရန်ရှိကြောင်းနှင့် အနုပညာရှင်များအားလုံး စည်းစည်းလုံးလုံးဖြင့် မုန်တိုင်းဒဏ်သင့် ပြည်သူများကို တက်တက်ကြွကြွကူညီမှုအပေါ် ဝမ်းမြောက်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် လူ့ရှင်တော်အစည်းအရုံးဝင်များက ဖျော်ဖြေရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ လက်မှတ်ရောင်းချရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးကဏ္ဍဆောင်ရွက်မှု၊ အလှူငွေနှင့် ပစ္စည်းများရရှိမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေတို့ကို တာဝန်ရှိသူများနှင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

○ *ကျော့ဖုံးမှ*

မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၈ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၁ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁၃ ပေမှ ၁၅ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၃ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၈ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် ၃ ပေမှ ၅ ပေခန့်၊၊ မြစ်ငယ်မြို့တွင် ၁၀ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၆ ပေမှ ၈ ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ၇ ပေမှ ၉ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၄ ပေခန့်၊ ငဝန် မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၄ ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ၃ ပေမှ ၈ ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# စစ်တွေ - ရန်ကုန် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ဂူဝဘုရားအနီးတွင် စတူပါစေတီဘုရား ငါးဆူ တူးဖော်တွေ့ရှိ



**ပုဏ္ဏားကျွန်း မေ ၂၇**

ပုဏ္ဏားကျွန်းမြို့ ရန်ကုန် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ဂူဝဘုရား၏ မြောက်ဘက် လေးဖာလုံခန့်အကွာတွင် မိုခါ မုန်တိုင်းကြောင့် ပြိုလဲကျိုးကျနေသည့် သစ်ပင်ကြီးများကို ယမန်နေ့က မြေတူးစက်ဖြင့် တူးဖော် ရှင်းလင်းစဉ် စတူပါစေတီဘုရား ငါးဆူ တွေ့ရှိသည်။

အဆိုပါစေတီမှာ အမြင့်သုံးပေရှိ စတူပါစေတီတစ်ဆူနှင့် အမြင့်နှစ်ပေရှိ စတူပါစေတီ ဘုရားလေးဆူ စုစုပေါင်း စတူပါစေတီ ငါးဆူ၏ အောက်ခြေပလ္လင်ပေါ်တွင် ကျောက်စာအချို့ ပါရှိကြောင်း၊ ပုဏ္ဏားကျွန်းမြို့ ရွာဟောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်းက ယနေ့ နံနက် ၁၁ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်စံဝင်းထံသို့ တင်ပြလာ၍ သွားရောက် ကြည့်ရှုဖူးမြော်ခဲ့ပြီး ၎င်းစတူပါစေတီ ငါးဆူအား ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက် မြို့မပရိယတ္တိ ဘုန်းတော်ကြီး ကျောင်းတိုက်သို့ ပင့်ဆောင်၍ ခေတ္တသိမ်းဆည်းကာ အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

# တရုတ်နိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားများ ပရဟိတအသင်းပေါင်းစုံမှ လှူဒါန်းသည့်ထောက်ပံ့ပစ္စည်းများ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများထံ ဆက်လက်လှူဒါန်းသွားမည်

**မူဆယ် မေ ၂၇**

တရုတ် - မြန်မာနယ်စပ် မူဆယ်ဒေသတွင် တရုတ်နိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားများ ပရဟိတအသင်းပေါင်းစုံ၊ Moe Ma Kha ဖောင်ဒေးရှင်းအသင်းနှင့် မြတ်စေတနာအသင်းတို့က ဦးဆောင်၍ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ရန် အလှူခံ ရရှိထားသည့် ထောက်ပံ့ပစ္စည်းများကို ယနေ့ မွန်းတည့် ၁၂ နာရီခန့် ဆင်ဖြူဂိတ်၌ လွှဲပြောင်းပေးခဲ့ကာ မူဆယ်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် ထွေ/အုပ် ဝန်ထမ်းများ၊ အဆုံးမရှိ လူမှုရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ဦးနှင့် အသင်းသူ အသင်းသားများ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များနှင့် အလင်းရောင်ပရဟိတ အသင်းသူ အသင်းသားများက လက်ခံရယူကြောင်း သိရသည်။

အထောက်အပံ့ ပစ္စည်းများမှာ အဝတ်အစားများ၊ စောင်နှင့် ခြင်ထောင်များ၊ အိပ်ရာခင်း၊ ခေါင်းအုံးများ၊ ဖိနပ်အမျိုးမျိုး၊ မိုးကာနှင့်သွပ်များဖြစ်ပြီး အဆိုပါ အထောက်အပံ့ ပစ္စည်းများကို မူဆယ်ခရိုင် မူဆယ်မြို့ ဌာနဆိုင်ရာများနှင့် အလှူရှင်များက လိုအပ်သည်များ ထပ်မံဖြည့်စွက်ပြီး အဆုံးမရှိ လူမှုရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ဦးက ဦးဆောင်ပြီး မိုင်းယု (၁၀၅)မိုင် ကျေးရွာအတွင်းရှိ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အလင်းရောင် ပရဟိတအသင်းဥက္ကဋ္ဌ ကိုအောင်အောင်နှင့် အသင်းသူ အသင်းသားများမှ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မြန်မာ့အလင်း)**



# ရသေ့တောင်မြို့နယ်၌ (မိုခါ) မုန်တိုင်းကြောင့် ပျက်စီးခဲ့သော မြို့နယ်ပြန်/ဆက်ရုံးကို ရှင်းလင်းဆောင်ရွက်

**ရသေ့တောင် မေ ၂၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့တွင် မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး မြို့ပေါ်ဌာနဆိုင်ရာရုံးများလည်း ပါဝင်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးလည်း ရာနှုန်းပြည့်ပျက်စီးခဲ့သည်။

ယနေ့ နံနက်ပိုင်းက မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် အင်အား ၁၀ ဦးသည် မြို့နယ်ရုံးဝန်ထမ်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ခြင်း၊ အမှိုက်ကောက်ခြင်း၊ လိုက်လံသိမ်းဆည်းခြင်းများ ဆောင်ရွက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



❑ *ကျောဖုံးမှ*

ဘူး ၁၂၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ် ဘူး ၁၂၀၀၊ ၂၀ လီတာ ရေသန့်ဘူးခွံ ၅၀၊ MV. Fortune ရေယာဉ်မှ သွပ် ၁၉၈၂၅ ချပ်၊ သွပ်သံဖာ ၃၂၀၊ တာပေါ်လင် အလိပ် ၁၂၀၊ မိုးကာတဲ အလုံး ၄၀၊ ကြက်ဥ အလုံး ၇၉၂၀၊ MRTV စလောင်း အလုံး ၅၀၊ ခေါက်ဆွဲခြောက် ၂၅၉ ဖာ၊ အိမ်သာကမုတ် ၉၄၆ ခု၊ ပိုက်အချောင်း ၉၅၀၊ GE သွပ်များ၊ အိမ်ရိုက်သံ၊ အမိုးရိုက်သံ၊ ဒီဇယ်ဆီ စုစုပေါင်း ကုန်တန်ချိန် ၁၉၄ ဒသမ ၅ တန်တို့ကို စစ်တွေမြို့ Essar တံတား၌ တင်ဆောင်၍ ရသေ့တောင်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစင်းသည် MV.Sunshine ရေယာဉ်မှ သွားတိုက်တံ အချောင်း ၁၁၅၀၊ သွားတိုက်ဆေး ၂၅ ဂရမ် အခု ၃၀၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ် အခု ၃၀၀၀၊ ၂၀ လီတာ ရေသန့်ဘူးခွံ အလုံး ၅၀၊ MV.Fortune ရေယာဉ်မှ သွပ်ချပ် ၃၀၀၀၊ သွပ်သံဖာ ၂၁၀၊ တာပေါ်လင် အလိပ် ၉၀၊ MV Aquarius ရေယာဉ်မှ သွပ်ချပ် ၁၀၀၀၊ သွပ်သံဖာ ၅၀၊ ခေါက်ဆွဲခြောက် ၄၄ ဖာ၊ အဝတ်အထည်အထုပ်ကြီး ခုနစ်ထုပ်နှင့် အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့် တာပေါ်လင် ၃၆ ထုပ် စုစုပေါင်း ကုန်တန်ချိန် ၇၀ ဒသမ ၅ တန်တို့အား စစ်တွေမြို့ Essar တံတား၌ တင်ဆောင်၍ မြေပုံကမ်းထိုးရပ်သို့လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင် စုစုပေါင်း ၁၈၆ ဦးတို့ကို ရသေ့တောင်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့ နေ့လယ်ပိုင်းတွင် ရေချမ်းပြင်သို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ စစ်ရေယာဉ် (မြစ်ကြီးနား)သည် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများမှ ပေးပို့သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်း ကုန်တန်ချိန် ၄၅၅ တန်ကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်တံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ ပို့ဆောင်ရန် ထွက်ခွာသွားခဲ့သည်။

အဆိုပါစစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ၎င်းနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် စာသင်ကျောင်းများ၊ ပြည်သူများ၏ နေအိမ်များသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၅ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၂၉၃၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၀၄၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၄၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၅၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၂၀ ကျပ် | ၂၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၅၅၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၆ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၇ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၃၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၃၄၉ | ၂၈၂၇၂၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၅၄၅၈ | ၁၆၁၀၉၇၃၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅၃ | ၃၈၆၉၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၄၀၁ | ၅၇၅၈၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၀ | ၂၄၀၀၀ |
| EFR | ၂၅၅၀ | ၂၅၀၀ | ၁၂၀ | ၃၀၅၀၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၃ | ၁၄၈၀၀ |

ညီညီ - စုစည်းသည်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ဗိုလ်တထောင်ခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၅၀

ဒေါ်ခင်သန်းစိန် နှင့် ၁။ ဦးမြင့်ထွန်း
၂။ ဦးမြင့်လွင်
၃။ ဒေါ်စန္ဒာမြင့်
၄။ ဦးထွန်းပေါက်ရှမ်း
၅။ ဒေါ်နဒီမြင့်အေး

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာအိမ်ရာ၊ မြလမ်းသွယ် (၁)လမ်း၊ အမှတ် (၁၀၅)နေ (၁) တရားပြိုင် ဦးမြင့်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၁၉ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါလွင်)
ဒုတိယခရိုင်တရားသူကြီး (၁)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ ဆင်ခေါင်းကျေးရွာ အထက(ဆင်ခေါင်း)မှ မဝင့်ယမုံလွင် Grade-8 ၏ ဖခင် အမည်မှန်မှာ ဦးတင်လှိုင်ဦး ၁၁/ သတန(နိုင်)၀၅၀၄၆၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ သဲတောကြီးရွာနေ ဦးဇော်မြင့်အောင်၏ သမီး ကျွန်မ မယွန်းပပဖြိုး ၅/ယမပ(နိုင်) ၁၂၈၈၄၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MG-657288 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၉၆၆၆၉၃၀

## ပျောက်ဆုံးကြောင်း

ကန့်ဘလူမြို့၊ ငါတို့ရွာနေ ဦးထိန်၏သား မောင်ရန်နိုင်ထွန်း ၅/ကဘလ(နိုင်)၂၁၅၂၂၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MA 701599 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၁၂၃၂၄၅

## မွေးသက္ကရာဇ် အမှန်

ကျွန်းလှမြို့၊ သစ်ရာမြိုင်ရပ်ကွက်နေ ဦးသက်နိုင်ဦး ၅/ကလန(နိုင်)၀၆၄၄၃၇ ၏ သမီးဖြစ်သူ မစကားဝါ၏ မွေးသက္ကရာဇ် အမှန်မှာ ၃၀-၃-၂၀၁၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ထနောင်းပကား (မ)ရွာနေ ဦးမြင့်၏သား မောင်အောင်ဆန်းမင်း ၅/ ကနန(နိုင်)၁၄၇၂၀၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ် ME 766338 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၉၃၅၈၆၂

## ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်၊ မင်းတိုင်ပင်ရွာနေ ဦးဆင်ပေါက်၏သမီး မဇင်မာ ၅/ပလန(နိုင်)၁၀၄၂၇၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MB-856950 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၁၆၈၆၁၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၃၅)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်သန်း (၁၃/လလန (နိုင်) ၀၀၅၄၅၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်း (၁၃/လလန (နိုင်) ၀၀၅၄၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၃၁၆၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးစောမြင့်ထွေး ၃/ဘအန(နိုင်)၃၈၆၂၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၃၈၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်)၂၄၇၁၈၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/9949, Nissan X-Trail , Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလင်ရှူး ၁၃/မခန(နိုင်)၀၀၉၅၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1034, Toyota Kluger Acu20, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်း ၉/ညဥန(နိုင်) ၁၄၅၉၇၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8001, DAIHATSU HIJET S211P, Pick Up(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးထောင်ချင်မန်း ၁၂/ဒဂတ(နိုင်) ၀၆၇၃၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရီယာ ၀.၀၅၅ကေရှိ ဦးကျော်နောင် ၁၂/မဂတ(နိုင်)၀၈၅၃၃၉ (ဘ)ဦးစံညွန့်အောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၂၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀/၂၀၁၇ (၅-၁-၂၀၁၇)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝဏ္ဏအောင် ၇/ဝမန(နိုင်) ၁၁၀၅၆၈ (ဘ)ဦးရွှေဝင်းမှ ဒေါ်နီနီဝင်း ၉/အမရ(နိုင်)၀၄၄၁၀၅နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၆၆၀)၊ မကြီးကန်ကွင်း၊ ဦးပိုင်အမှတ် (၇၅)၊ မြေဧရိယာ ၁.၁၃ကေရှိ ယာမြေကို ဦးဝင်းသူအောင် ၈/စလန(နိုင်)၀၇၁၅၈၄ အမည်ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၀-၁၂-၂၀၂၀ရက်တွင် အစည်းအဝေးအမှတ်စဉ် (၄၈/၂၀၂၀) ဆုံးဖြတ်ချက်ပိုဒ် (၁၅၇)အရ ခွင့်ပြုမိန့်ရရှိပြီး ဦးဝင်းသူအောင်မှ စက်မှု/စီးပွားမြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုသူက ကန့်ကွက်နိုင်ပါရန် ဤကြေညာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းသူအောင် ၈/စလန(နိုင်)၀၇၁၅၈၄
ဖုန်း-၀၉-၇၆၅၃၄၀၇၀၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/9798, Toyota Kluger ACU 20, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၂/မရက(နိုင်)၁၄၀၃၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၂၀၇၃(ခ)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် ၂၀၇၃(ခ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိထား အသုံးပြုလျက်ရှိသူ ဒေါ်ဇင်မာသက် ၁၂/ဒဂတ(နိုင်) ၀၇၆၂၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်လတ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဥ်- ၉၀၃၈)
အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၂၅၄၁၁၇၈၅၄

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8841, Toyota RACTIS SCP 100, Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းပပစိုး ၅/စကန(နိုင်) ၀၀၆၂၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/5608, Suzuki Ciaz, Saloon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစောထိန်လင်းသာ ၁၄/ဟသတ(နိုင်) ၂၁၆၄၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၄လမ်း၊ အမှတ် ၅၉၁၊ (၁၂ ½ ပေx ၅၀ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ၅-လွှာ(ဒါဘာ)ခြေရင်းဘက်ခြမ်း (၁၂ ½ ပေx ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် အဆိုပါမြေကွက်၏ ပူးတွဲအမည်ပေါက်သူ ဦးတင်ဝင်း ၁/သဃက(နိုင်)၀၂၆၄၇၁ ပိုင်ဆိုင်သည့် ထက်ဝက်မြေ ပိုင်ဆိုင်မှုအစုအားတစ်ဆင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးရီ ၁၂/ဥကတ(နိုင်) ၀၈၂၈၇၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနွဲ့ ၁၂/သဃက(နိုင်)၁၀၇၄၃၆ က ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အနက် ဦးတင်ဝင်းပိုင်ဆိုင်သည့် အစုဖြစ်သော ထက်ဝက်ခြမ်းမြေပိုင်ဆိုင်မှုနှင့် အထက်ဖော်ပြပါ တိုက်ခန်းတို့၏အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများဖြင့်တကွ ၉-၆-၂၀၂၃ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်မေသူအောင်
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၆၅၅)
အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၆၄၄၈၃

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဣန္ဒာသယ(၃)လမ်း၊ အမှတ် ၁၀၆ဟုခေါ်တွင်သော အလျား (၂၅') x အနံ(၁၀၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RCတစ်ထပ်တိုက် အိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကြည်နိုင်မြင့် ၁၂/မရက(နိုင်) ၁၂၈၉၂၂ ၏ ဖခင် ဦးသိန်းမြင့်မှ ၂၃-၁၀-၁၉၈၅ ရက်ကတည်းက တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အိမ်ခြံမြေ ဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးသိန်းမြင့်သည် ၂၃-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်းကွယ်လွန်ချိန်တွင် သားသမီးများဖြစ်သည့် ကျွန်ုပ်တို့၏မိတ်ဆွေဦးကြည်နိုင်မြင့် အပါအဝင် ဦးမျိုးမြင့်ဦး၊ ဒေါ်စုစန္ဒာမြင့်နှင့် ဦးဘိုဘိုမြင့်တို့(၄)ဦးမှ အထက်ပါ အိမ်ခြံမြေ၏ အမွေဆိုင်များအဖြစ် ကျန်ရှိခဲ့ပါသည်။ သို့ရာတွင် ယခုအခါ ဦးမျိုးမြင့်ဦး၊ မစုစန္ဒာမြင့်နှင့် ဦးဘိုဘိုမြင့်တို့(၃) ဦးမှာ အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်သဖြင့်အဆိုပါအိမ်ခြံမြေသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကြည်နိုင်မြင့် တစ်ဦးတည်းမှ အမွေဆက်ခံပိုင်ဆိုင်သည့် အိမ်ခြံမြေဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအိမ်ခြံမြေနှင့်ပတ်သက်ပြီး ဦးကြည်နိုင်မြင့်၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ အိမ်ခြံမြေနှင့် ပတ်သက်သော ပိုင်ဆိုင်မှု စာချုပ်စာတမ်းများအား အတုပြုလုပ်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများအပါအဝင် အိမ်ခြံမြေအတွင်း မတရားကျူးကျော်ဝင်ရောက်ခြင်းများအား လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲ တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်မာထွန်း(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဥ်- ၁၀၀၇၃)

ဦးထွန်းလင်းကျော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၁၅)

အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၄၈၀၀၈၇၁၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/8865, Toyota Townace KM70, Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချို့နွယ်နီ ၁၂/သဃက(နိုင်) ၀၂၉၉၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (၁၅/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ် (၇၉/က)၊ ဧရိယာ ၀.၁၀၂ ဧက၊ အမှုတွဲအမှတ် ၇၄-၅/၂၀၁၄-၂၀၁၅ (အေ)ဖြင့် ဒေါ်ဝေမာသီမှ အမည်ပေါက်ရရှိထားသော မြေငှားဂရန် (မူရင်း)မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ကူးယူခွင့်ပြုနိုင်ပါရန် ဒေါ်ဝေမာသီ ၁၃/လရန(နိုင်) ၀၀၇၄၆၃၏ လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းကို ၁၅-၁-၂၀၂၂ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ ကန့်ကွက်တင်ပြသူမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ဒေါ်ဝေမာသီ၏ မြေငှားဂရန်မိတ္တူမှန်ကူးယူခွင့်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ လားရှိုးမြို့

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (ထင်းရှူးမြိုင်တိုးချဲ့)၊ ဦးပိုင်အမှတ် (၉၂)၊ ဧရိယာ ၀.၀၈၂ဧက၊ အမှုတွဲအမှတ် ၁၆၈-၅/၂၀၁၆-၂၀၁၇ (အေ)ဖြင့် ဒေါ်နန်းကိန်ဖောင်းတစ်မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းဝင်းခိုင် ၁၃/လရန(နိုင်)၁၀၅၈၆၁မှ ရောင်း/ဝယ်စာချုပ် (၁၆၁၊/၂၀၂၃) ဖြင့် ဦးညီညီထွေး ၁၃/တကန(နိုင်) ၀၀၁၄၀၁ ထံ ရောင်းချပေးပြီးဖြစ်၍ ဦးညီညီထွေးမှ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ လားရှိုးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/8862, Suzuki Carry DA 21I. P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်စိုး ၁၀/မလမ(နိုင်)၀၂၁၆၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6105, Suzuki Carry DA63T, Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသင်း ၈/ရနခ(နိုင်) ၁၀၆၁၇၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၃၂)၊ ဧရိယာ ၀.၀၈၂ဧက၊ အမှုတွဲ အမှတ် ၈၉-၅/၂၀၁၀-၂၀၁၁ (စီ)ဖြင့် ဦးအောင်မြင့်သိန်းမှ အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်သူသူဝင်း ၈/ပခက(နိုင်)၂၄၁၈၀၀မှ ရောင်း/ဝယ်စာချုပ် (၁၇၀၊/၂၀၂၃)ဖြင့် ဦးကျော်တိုး ၈/ပခက(နိုင်)၁၅၄၇၉၆ထံ ရောင်းချပေးပြီးဖြစ်၍ ဦးကျော်တိုးမှ အမည်ပြောင်း ထပ်မံလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ လားရှိုးမြို့

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြိတ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၆

| | | |
|---|---|---|
| ဦးအုန်းသိန်း | နှင့် | ဒေါ်ဇင်မာဝင်း |
| အမှတ်(၃၄၂)၊ စစ်လက်နက်တပ်(ခွဲ)၊ | | ကုဋ္ဌေစိုးကုန်စုံဆိုင် |
| လူပျိုရိပ်သာလိုင်းခန်း | | ဟိန္ဒူဘာသာဘုရားကျောင်းနံဘေး |
| မဟာသိဒ္ဓိဇယျာဘုရားလမ်း | | ရွှေပေးလမ်းမကြီး |
| စန္ဒဝတ်ကျေးရွာအုပ်စု၊ | | စန္ဒဝတ်ကျေးရွာအုပ်စု၊ |
| မြိတ်မြို့ | | မြိတ်မြို့ |
| **တရားလို** | | **တရားပြိုင်** |

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေပေးလမ်းမကြီးဟိန္ဒူဘာသာ ဘုရားကျောင်းနံဘေး၊ ကုဋ္ဌေစိုးကုန်စုံဆိုင်နေ တရားပြိုင် ဒေါ်ဇင်မာဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအုန်းသိန်းက လင်မယားကွာရှင်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၉ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြိတ်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ် တရားသူကြီးရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေကဗျာအေးကြည်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ထားဝယ်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅

| | | |
|---|---|---|
| ၁။ ဦးစိုင်းဟိန်းထက်ဦး | နှင့် | ဦးစိန်ဆင် |
| ၂။ ဒေါ်နွယ်နီဦး | | |
| **တရားလိုများ** | | **တရားပြိုင်** |

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ပုံကျွန်းရပ်၊ သီလလမ်း၊ အမှတ် (၅၀၉)နေ ဦးစိန်ဆင် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်အပေါ်၌ တရားလိုများက အိမ်ခြံမြေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၂၃ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**
**ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၆) Grade-11(A) ခန်းမှ အောင်မြင်သူ မမြသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၁/ဗမန(နိုင်) ဝ၇၁၄၄၆ ဖြစ်ပါကြောင်း။

**ဦးကျော်လင်း**

## အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာနေ ဦးစိုင်းပီး၏သမီး အလက (၁)၊ Grade-8 ဖြေဆိုအောင်မြင်ပြီးသော နန်းနွမ်းခမ်း၏ အမည်မှန်မှာ နန်းမွမ်းခမ်း ၁၃/နခန(နိုင်)၁၀၂၉၇၉ ဖြစ်ပါကြောင်း။

**နန်းမွမ်းခမ်း**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၄)၊ ညောင်နီကျေးရွာနေ (ဘ)ဦးဝင်းမောင် ၉/ပဥလ (နိုင်) ဝ၈၉ဝ၄၁၏သမီး ဖြစ်သူ မဇူးရဝေအောင် (ခ)မဇူးရဝေအောင် အား ယနေ့မှစ၍ မဇူးပြည့်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဇူးပြည့်ပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/32911, New Aibo 110, M/C ယာဉ်လက်ဝယ်ရှိသူ Su Htar San Co.,Ltd, က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၄၂၁၂၀, Yamaha F2 150, M/C ယာဉ်လက်ဝယ်ရှိသူ Nadi Moe Trading Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း သတ္တမတန်းမှ မောင်ဆော်လမွန်စိန်လျှံမာန်၏ ဖခင်အမည်မှန်မှာ ဦးဟောင်လျံဆန်း ၅/ကလထ(နိုင်)၁၁၁၆၅၉ ဖြစ်ပါကြောင်း။

**ဦးဟောင်လျံဆန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း အဌမတန်းမှ မထျန်းနိုင်သိန်း၏ ဖခင်အမည်မှန် မှာ ဦးဟောင်လျံဆန်း ၅/ကလထ(နိုင်)၁၁၁၆၅၉ ဖြစ်ပါကြောင်း။

**ဦးဟောင်လျံဆန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/61909, Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်သိန်း ၉/ပကခ(နိုင်) ဝ၁၇၂၅၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/42415, Honda Scoopyi -110 , M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း သတ္တမတန်း(ဟောင်း) မှ ကျောင်းဝင်အမှတ် (၂၀၁)ဖြစ်သူ မောင်ဇမ်လျန်လာလ် ၏ အမည်မှန်မှာ မောင်ဂျော်ဆက်(ဖ်) မာန် ဖြစ်ပါကြောင်း။

**မောင်ဂျော်ဆက်(ဖ်)မာန်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ ၃၆-လမ်း(အလယ်)၊ အမှတ် (၁၄၇)၊ ၃-ထပ်တိုက် အဆောက်အအုံရှိ မြေညီထပ်၊ (လမ်းမဘက်မှ မျက်နှာမူလျှင် ယာဘက်ခြမ်း)၊ (အလျား ၁၂ပေ ၅လက်မx အနံပေ ၅၀) အကျယ်အဝန်းရှိ (ထပ်ခိုးပါ)၊ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်နိုင်(ခ)ဦးဇင်မျိုးနိုင် ၁၂/ကတတ(နိုင်) ဝ၂၂၄၃၂ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL.B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်နေ ဒေါ်နှင်းပွင့်သုန် ၅/ကလထ(နိုင်) ၁၇၆၂၅၃၏ ကလေးမြို့ အောင်သစ္စာရပ်ကွက်၊ အကွက်အမှတ် ၆၇/မြို့လယ်ရပ်၊ ဦးပိုင်အမှတ် (၉) ရှိ မြေရေိယာ ဝဒသမဝ၅ဝ ဧကအား မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းပွင့်သုန် ၅/ကလထ(နိုင်)၁၇၆၂၅၃**
**ကလေးမြို့**

## ပတ်စ်ပို့ပျောက်

ရေဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကျွန်းကြီးကျေးရွာနေ (ဘ) ဦးတင်ဝင်း၏သား ကျွန်တော် မောင်နိုင်ဇော်ကို ၁၄/ဇလန(နိုင်) ၁၈၄၇၁၃ ၏ ယခင်နိုင်ငံကူးလက်မှတ် ME-591104 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၇၇၁၃၅၉**

## ပတ်စ်ပို့စ်ပျောက်

ရေဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သစ်ဖြူကျေးရွာအုပ်စု၊ ကျားခေါင်းရွာနေ ဦးတင်ဝင်း၏သား ကျွန်တော် မောင်မိုးဇော်ထွန်း ၁၄/သပန(နိုင်) ၁၆၈၂၇၄ ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ် MG-441345 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၇၃၀၀၆၅၈၆**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (အမှတ်-၂၉/ တောတိုက်)၊ ဦးပိုင်အမှတ် (၁၁၆)၊ ဧရိယာ ၀.၂၂၇ဧကရှိ ဝင်းမြေအား ဦးနေဝင်းအောင် ၉/အမဇ(နိုင်)၀၃၀၅၂၀သည် ၎င်းအမည်ပေါက် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်လျှောက်ထားနိုင်ပါသည်။

**ဦးနေဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရိုထန်းပွီးယာ**
**B.A, PGDL, LL.B (Q)**
**အထက်တန်းရှေ့နေ စဉ်-၅၀၆၁၀ (၂၈-၁၂-၂၀၁၈)**
**အမှတ် (၆/၁)၊ မြို့လှရပ်ကွက်၊ ကလေးမြို့**
**ဖုန်း-၀၉-၄၀၀၅၀၃၁၇၉၊ ၀၉-၈၇၉၀၈၇၄၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/3899, Toyota Mark X GRX 120, Saloon (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအေးချမ်း ၁၂/သဃက (နိုင်) ၁၇၅၈၆၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/98905, Honda C-90, M/C ယာဉ်လက်ဝယ်ရှိသူ ကိုသန်းထွန်းအောင် ၁၄/မအပ(နိုင်)၁၆၅၆၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/7181 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၁၂/မရက(နိုင်)၀၅၂၂၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၃၇၁၁, တိုယိုတာဒိုင်နာ, လိုက်ထရပ် (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၅/ကနန(နိုင်) ၀၂၇၂၄၈ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/5584, Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သန်း ၉/မရတ(နိုင်) ၀၄၁၆၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ဒေါ်ဒိန်လာဂျာရာနှင့် သားဖြစ်သူ ဦးလဂျာဇော်တောင် ၁/မကန(နိုင်)၀၃၇၂၇၂ ယခင်အမှတ်-၂/၃၊ အေးမြသာယာ၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့နေထိုင်သူ သိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အေးမြသာယာ အမှတ် (၂/၃)ကနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမင်းလတ် ၁/မကန(နိုင်) ၁၀၂၀၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဒိန်လာဂျာရာနှင့် သားဖြစ်သူ ဦးလဂျာဇော်တောင် ၁/မကန(နိုင်)၀၃၇၂၇၂ သိစေရန် ကြေညာအပ်သည်မှာ-

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးကွက်သစ်ရပ်ကွက်၊ အေးမြသာယာ၊ ကွင်းအမှတ် ၁၅/ ၂-၅၊ အုတ်ကျင်းအနောက်၊ ဦးပိုင်အမှတ်-၂၆၊ ဧရိယာ ၀ဒသမ ၁၈၄ ဧကရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို မူလဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်အေး အမှတ် ၁၇၈၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့ထံမှ ၁၉-၁-၁၉၉၃ ရက်တွင် ဦးလဂျာဇော်တန်ကလည်းကောင်း၊ ဦးလဂျာဇော်တန်သည် ၂၀-၃-၂၀၀၈ ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် အမွေဆက်ခံသူအဖြစ် ဇနီးဖြစ်သူ ဒေါ်ဒိန်လာဂျာရာနှင့် သားဖြစ်သူ မောင်လဂျာဇော်တောင်တို့ ထံ မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းလတ်က အထက်ဖော်ပြပါ မြေကွက်၏ ဧရိယာ ၀ဒသမ ၁၈၄ ကေအတွင်းမှ ဧရိယာ ၀ဒသမ ၀၉၂ ကေကို ၄-၁၀-၂၀၁၀ရက်တွင်လွှဲပြောင်းဝယ်ယူပြီးလက်ရောက် ရရှိအကျိုးခံစားလာခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းလတ်သည် ၎င်းတို့ဝယ်ယူထားသည့် အဆိုပါ အိမ်ခြံမြေ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အရောင်းအဝယ်တရားဝင် အထမြောက်စေရန် မှတ်ပုံတင် စာချုပ်ချုပ်ဆိုလိုသည့်အတွက် အထက်အမည်ပါ ရောင်းသူ ဒေါ်ဒိန်လာဂျာရာနှင့် သားဖြစ်သူ မောင်လဂျာဇော်တောင် အနေဖြင့် ဒေါ်ဝင်းမင်းလတ် ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံ သို့ဖြစ်စေ၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြား အပ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ဝင်းမင်းလတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမဂီဘရန်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၉၅)**
**အမှတ် ၃၄၈၊ နယ်မြေ(၄)၊ ကျွန်းပင်သာရပ်ကွက်**
**မြစ်ကြီးနားမြို့၊ ဖုန်း-၀၉- ၂၆၃၀၈၃၅၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/69348, Honda Click-150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းအောင် ၉/ ခအဇ(နိုင်)၀၁၇၃၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**
